

စိတ်ကူးချိုချိုအနုပညာ

# အာရှ ပုံပြင်များ

## မင်းယုဝေ
## တက္ကသိုလ်ဝင်းမွန်




mgyoe.com

MYW0006
1,800.00 KS

အာရှပုံပြင်များ
မင်းယုဝေ၊ တက္ကသိုလ်ဝင်းမွန်

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | အုပ်စု - ၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |
| မျက်နှာဖုံးဒီဇိုင်း | - | အပ်အက်စ်အို |
| ကွန်ပျူတာစလင် | - | အီးဂဲလ် |
| လက်ခွဲစလင် | - | အေဇက် |
| စာအုပ်ချုပ် | - | သစ္စာ |

၈၀၈.၈၈

မင်းယုဝေ၊တက္ကသိုလ်ဝင်းမွန်
အာရှပုံပြင်များ /
မင်းယုဝေ၊တက္ကသိုလ်ဝင်းမွန်၊ -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၂၊
စာမျက်နှာ ၂၅၄ မျက်နှာ၊၁၂.၅ စင်တီ× ၁၈.၅ စင်တီ
(၁) အာရှပုံပြင်များ

၂၀၁၂၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၈၀၀ ကျပ်

mgyoe.com

mgyoe.com

# မာတိကာ

မင်းယုဝေ


| | | |
|---|---|---|
| ၁။ | ဆင်သားအမိနှင့် လူနှစ်ယောက် | ၁ |
| ၂။ | စိတ်ထားညီသော လင်မယား | ၈ |
| ၃။ | သစ်ခုတ်သမား ဝိစု | ၁၁ |
| ၄။ | မသေလိုသူ | ၁၉ |
| ၅။ | ရန်သူကြီးသုံးဦး | ၂၉ |
| ၆။ | လှဒေဝီ | ၃၆ |
| ၇။ | အနုပညာရှင် | ၄၆ |
| ၈။ | ညီအစ်ကိုနှစ်ယောက် | ၆၀ |
| ၉။ | အိမ်နီးချင်းနှစ်ယောက် | ၆၇ |
| ၁၀။ | ကျေးဇူးသိတတ်သူနှင့် စိတ်ထားမြင့်မြတ်သူ | ၇၄ |
| ၁၁။ | သိုးကျောင်းသား အလီဘား | ၈၂ |
| ၁၂။ | ယှဉ်ဝံ့သူ | ၈၈ |
| ၁၃။ | အမိကျေးဇူးသိသူ | ၉၇ |
| ၁၄။ | သံမှိုတစ်ချောင်း | ၁၀၂ |


mgyoe.com

mgyoe.com

တက္ကသိုလ်ဝင်းမှွန်


၁။ သစ်ခုတ်သမားနှင့် ကြိုးကြာငှက်များ ၁၀၆
၂။ ရတနာကုန်သည်၏လောဘ ၁၁၃
၃။ ထူးဆန်းသောဆေးပင် ၁၂၇
၄။ လေးစားသင့်သူနှစ်ဦး ၁၃၆
၅။ အန္တရာယ်ကင်းတွင်း ၁၄၆
၆။ လိပ်ပုလေးနှင့် မျောက်ညို ၁၅၇
၇။ စိန်ကျော့၏ နဂါးကြီး ၁၆၇
၈။ စကားထာလေးရပ် ၁၇၄
၉။ ကိုယ့်စွမ်းကိုယ်စ ယုံကြည်သောမင်းသား ၁၉၃
၁၀။ စကားများသောပညာရှိ ၂၁၅
၁၁။ လူစကားပြောသော စီးတော်မြင်း ၂၂၂
၁၂။ ဓားပြခုနစ်ယောက် ၂၂၇
၁၃။ ကျေးဇူးသိတတ်သောခွေးအ ၂၃၁
၁၄။ မင်းကောင်းမတ်ကောင်း ၂၃၄
(က) သာလွန်မင်းနှင့် သူဆင်းရဲမ ၂၃၄
(ခ) သာလွန်မင်းနှင့် သမီးတော် ၂၃၆
(ဂ) ဝန်ကြီးနှင့် မန်ကျည်းရွက်ခူးသမား ၂၃၆
(ဃ) ဝန်ကြီးနှင့် သားနှစ်ယောက် ၂၃၉
(င) ဝန်ကြီးနှင့် ဆီသည်မ ၂၄၀
(စ) ဝန်ကြီးနှင့် တံခါးမှူး ၂၄၂


■

mgyoe.com

mgyoe.com

## အမှာစာ

ဤအာရှပုံပြင်များ စာအုပ်တွင် အာရှနိုင်ငံများမှ ပုံပြင် ၂၈ ပုဒ် ပါဝင်ပါသည်။ ထိုပုံပြင် ၂၈ ပုဒ်သည် ပုံပြင်ပေါင်းများစွာတို့ အထဲမှ လက်ရွေးစင် ရွေးချယ်ပြန်ဆိုထားသော ပုံပြင်များ ဖြစ်ပါသည်။ ရွေးချယ်ပြန်ဆိုရာ၌ သင်ခန်းစာပါမှု၊ ရည်ရွယ်ချက်ကောင်းမှု၊ မြန်မာကလေးများနှင့် ဆီလျော်မှုတို့ကို ဦးစားပေးပါသည်။

ဤစာအုပ်တွင် အာရှနိုင်ငံအားလုံး မပါဝင်ပါ။ အာရှနိုင်ငံအချို့မှ ပုံပြင်အချို့ ကြွင်းကျန်နေပါသေးသည်။ ယင်းသို့ ကြွင်းကျန်သည်မှာ လက်လှမ်းမမီသောကြောင့်လည်းကောင်း၊ လက်လှမ်းမီပြန်လျှင်လည်း စိတ်ကြိုက်ပုံပြင်ကို မတွေ့သောကြောင့်လည်းကောင်း ဖြစ်ပါသည်။

ဤစာအုပ်မှာ ဒုတိယအကြိမ် ပုံနှိပ်ခြင်း ဖြစ်ပါသည်။ ဤဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေရာ၌ ကူညီသူအားလုံးကို ကျေးဇူးဥပကာရတင်ရှိကြောင်း မှတ်တမ်းတင် ဖော်ပြပါသည်။

■

မင်းယုဝေ၊ တက္ကသိုလ်ဝင်းမွန်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

မင်းယုဝေ

# ဆင်သားအမိနှင့် လူနှစ်ယောက်

တစ်ရံရောအခါ တောအုပ်တစ်ခု၌ ဆင်အများ နေထိုင်သည်။ ထိုဆင်များထဲတွင် ဆင်သားအမိနှစ်ကောင်မှာ ထူးခြားသည်။ သားဖြစ်သူဆင်ကလေးမှာ နုပျိုသန်စွမ်းသည့်အပြင် ဆင်ဖြူဖြစ်၍ အလွန်လှပတင့်တယ်သည်။ မိခင်ဆင်မကြီးမှာမူ အိုမင်းမစွမ်းရှိသည်သာမက မျက်စိလည်း မမြင်ရှာပေ။

ဆင်ဖြူကလေးသည် လိမ္မာ၍ မိဘကျေးဇူးကို နားလည်သူဖြစ်သည်။ ထို့ကြောင့် မျက်မမြင်မိခင်ကြီးကို အစွမ်းကုန် ပြုစုစောင့်ရှောက်သည်။ မျက်မမြင်မိခင်အိုကြီးမှာ အစာရှာဖွေစားသောက်ခြင်းမပြုနိုင်ဘဲရှိရာ ဆင်ဖြူကလေးကပင် အစာရှာဖွေကျွေးမွေးသည်။

ဤသို့ အစာရှာဖွေကျွေးမွေးစဉ် မကြာခဏပင် ဆင်ဖြူကလေးယူဆောင်လာသော အစာများကို အခြားဆင်များက စားသောက်ပစ်တတ်ရာ မိခင်အိုမှာ အစာဝလင်စွာ မစားရရှာပေ။ ထို့ကြောင့် ဆင်ဖြူကလေးက မိခင်အိုကြီးအတွက် ရှာဖွေယူဆောင်လာသော အစာများကို စားသောက်ခြင်းမပြုရန် အခြားဆင်များကို

mgyoe.com

mgyoe.com





တောင်းပန်ပြောဆို၏။ သို့ရာတွင် ဆင်များက ဆင်ဖြူကလေး စကားကို မနာယူကြ။ အတင်းပင် လုယူစားသောက်ကြသည်။ ကြာသော် ဆင်ဖြူကလေးမှာ သည်းမခံနိုင်ဖြစ်လာသဖြင့် မိခင်အိုကြီးကိုခေါ်ကာ ဆင်အများနှင့်ဝေးရာ ဂူတစ်ခုတွင် သွားရောက်နေထိုင်လေသည်။

ဆင်သားအမိ နေထိုင်ရာဂူမှာ ကောင်းမွန်သည်။ အနီးတွင် ရေကန်တစ်ခုလည်း ရှိသည်။ သီးပင် ဝါးပင်များလည်း ရှိသည်။ ဆင်ဖြူကလေးမှာ ကောင်းစွာ အစာရှာဖွေနိုင်သည့်ပြင် မျက်မမြင် မိခင်အိုကြီးကိုလည်း ဝလင်စွာ ကျွေးမွေးပြုစုနိုင်လေသည်။ ထိုနေရာသို့ရောက်မှ ဆင်သားအမိမှာ စိတ်အေးချမ်းသာ နေနိုင်လေသည်။

ထိုသို့ အေးချမ်းစွာ နေထိုင်လာရာမှ တစ်နေ့သောအခါ

mgyoe.com

mgyoe.com


ဆင်ဖြူကလေးသည် လူသားတစ်ယောက်၏ အော်သံကို ကြားရသည်။ ဆင်ဖြူကလေးက "အမေ အော်သံကြားရတယ်။ လူတစ်ယောက်ရဲ့ အော်သံဖြစ်မှာပဲ။ သူ့ခမျာ ဘေးဒုက္ခကြုံတွေ့နေဟန်တူတယ်" ဟူ၍ ပြောဆိုသည်။

ဆင်မကြီးက "ဟုတ်တယ် ငါ့သား၊ လူရဲ့ အော်သံပဲ။ ဒါပေမဲ့ လူကိုတော့ အဝေးက ရှောင်ပါကွယ်။ လူတွေက ကျေးဇူးလည်း မသိဘူး။ ရက်လည်း ရက်စက်တယ်။ သူတို့ ဘယ်လိုဒုက္ခတွေ့တွေ့ ကယ်ဖို့စိတ်မကူးနဲ့ ငါ့သား" ဟူ၍ ပြန်လည်ပြောဆိုသည်။

ဆင်ဖြူကလေးမှာ လွန်စွာ သနားကြင်နာတတ်သူဖြစ်သည်။ မိခင် ဆင်မကြီးက ဤသို့ တားမြစ်ပြောဆိုသော်လည်း မနာယူ။ အော်သံကြားရာအရပ်သို့ မိခင်မသိအောင် တိတ်တဆိတ် သွားရောက်ကြည့်ရှုလေသည်။

ထိုအခါ ရေကန်အနီးတွင် လူတစ်ယောက် အော်ဟစ် ညည်းတွားလျက်ရှိသည်ကို တွေ့ရသည်။

ဆင်ဖြူကလေးက ထိုသူအား "အဆွေ၊ သင် ဘာကြောင့် အော်ဟစ်ညည်းတွားနေပါသလဲ" ဟူ၍ မေးမြန်းသည်။

ထိုသူက "အဆွေ ဆင်ဖြူ၊ ငါ တောထဲမှာ မျက်စိလည် လမ်းမှားနေတာ ၇ ရက်ရှိပြီ။ အစာလည်း ကောင်းကောင်းမစားရဘူး။ ငါ့မြို့ ငါ့ရွာကိုလည်း ဘယ်လိုပြန်ရမှန်း မသိဘူး။ ငါ့ကို သနားရင် ကယ်ပါ။ ကျေးဇူးပြုပြီး လမ်းပြပေးပါ" ဟူ၍ တောင်းပန်ပြောဆိုသည်။

ဆင်ဖြူကလေးသည် ထိုသူအား သစ်သီးများ ခူး၍ ကျွေးမွေးသည်။ ထို့နောက် သူ၏ကျောပေါ်သို့ တက်စေကာ မြို့ရွာသို့

mgyoe.com

mgyoe.com


သွားရာ လမ်းအနီးသို့ ရောက်သည်အထိ ခေါ်ဆောင်ပို့ပေးလိုက်လေသည်။ ထိုသူသည် ဆင်ဖြူကလေးအား ကျေးဇူးစကားဆိုကာ မြို့ရွာသို အေးချမ်းစွာ ထွက်ခွာသွားလေသည်။

ဆင်ဖြူကလေးသည် မိခင်ရှိရာဂူသို့ ပြန်သွားကာ အကျိုးအကြောင်း ပြောပြသည်။ "အမေ၊ ကျွန်တော် ဒုက္ခရောက်သူကို ကယ်ခဲ့တယ်။ သည်အတွက် ကျွန်တော် ဝမ်းသာကြည်နူးလို့ မဆုံးပါဘူး" ဟူ၍ ပြောဆိုလေသည်။

ဤသို့ ကယ်ဆယ်ပြီး မကြာမီပင် ဆင်ဖြူကလေးမှာ ကြမ္မာဆိုး ဝင်လာလေသည်။

ဆင်ဖြူကလေး ကယ်လိုက်သူသည် မြို့တော်သို့ရောက်ရှိပြီး မကြာမီပင် ဘုရင်၏ ဆင်ဖြူတော်မှာ သေဆုံးသွားလေသည်။ ဘုရင်လည်း ဆင်ဖြူကို အလိုရှိသဖြင့် မြို့ရွာအနှံ့ ရှာဖွေစေသည်။ သို့ရာတွင် ဆင်ဖြူတစ်ကောင်မှ မတွေ့ပေ။ ထိုအခါ ဘုရင်က ဆင်ဖြူရရှိအောင် ဆောင်ကြဉ်းပေးနိုင်သူကို ဆုငွေများစွာ ပေးသနားမည်ဟု ကြေညာလေသည်။

ဆင်ဖြူကလေး ကယ်လိုက်သူမှာ လူကောင်းမဟုတ်ပေ။ လောဘကြီးသူဖြစ်သည်။ သူ့ကျေးဇူးကို မသိသူဖြစ်သည်။ သူက ဘုရင့်အား အလွန်လှပတင့်တယ်သော ဆင်ဖြူကလေးတစ်ကောင်ကို မိမိတွေ့ရှိခဲ့ကြောင်း၊ ထိုဆင်ဖြူကျက်စားရာအရပ်ကို မိမိသိရှိကြောင်း၊ ဆင်ဖမ်းသမားများနှင့် သွားရောက်ဖမ်းဆီးပါက မုချရရှိမည်ဖြစ်ကြောင်း၊ ထိုအရပ်သို့ မိမိကဦးဆောင်၍ လမ်းပြပေးမည်ဖြစ်ကြောင်း လျှောက်ထားသည်။

ဘုရင်လည်း ဝမ်းသာအားရပင် ထိုသူနောက်သို့ ဆင်ဖမ်း

mgyoe.com

mgyoe.com


သမားများကို ထည့်လိုက်သည်။ မကြာမီ သူတို့သည် ရေကန် အနီး၌ အစာရှာနေသော ဆင်ဖြူကလေးကို တွေ့ရှိကြသည်။ ချက်ချင်းပင် ဝိုင်းဝန်းဖမ်းဆီးရာ ဆင်ဖြူကလေးကို ဖမ်းဆီးရမိလေသည်။ ဆင်ဖြူကလေးမှာ ထိုသူတို့လက်တွင် ရုန်းကန်လှုပ်ရှားရမှု ဝမ်းနည်းကြေကွဲမဆုံး ဖြစ်မိရှာသည်။

"ငါဟာ ငါ့အမေစကားကို နားမထောင်လို့ဒီလိုဖြစ်ရတာပဲ။ ကျေးဇူးကန်းတဲ့ ဒီလူမိုက်ကို မကယ်မိရင် အကောင်းသား။ အခု တော့ သူ့ကို ငါကယ်မိလို့ တို့သားအမိ ဒုက္ခရောက်တာပဲ။ ငါမရှိရင် ငါ့အမေမျက်မမြင်ကြီးဟာ ဘယ်လိုအစာရှာစားပါ့မလဲ။ အစာမရှာနိုင်ရင် မကြာခင် အစာငတ်ပြီး သေရှာတော့မှာပဲ"

သည်လိုတွေးတောရင်း ဆင်ဖြူကလေးသည် ဆင်သမားများခေါ်ဆောင်ရာ မြို့တော်သို့ ပါသွားရှာလေသည်။

ဘုရင်သည် ဆင်ဖြူကလေးကို မြင်တွေ့သောအခါ ဝမ်းသာအားရမဆုံး ဖြစ်မိသည်။ ယခင်ဆင်များနှင့်မတူ၊ ယခုဆင်ဖြူကလေးမှာ ပိုမိုဖြူဖွေး၍ လှပသည်။ ပိုမိုတင့်တယ်၍ ပိုမို ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည်။ ထို့ကြောင့် သူသည် ဆင်ကလေး ကယ်ခဲ့သည့် ကျေးဇူးကန်းသူ သူမိုက်အား ဆုငွေများ ပေးသနားသည်။ ထို့နောက် ဆင်ဖြူကလေးအား ကောင်းမွန်သောနေရာ၌ ထားကာ ကောင်းမွန်သောအစာများ ကျွေးမွေးစေသည်။

ဤသို့ နေရာကောင်းတွင်ထား၍ အစာကောင်းများကို ကျွေးမွေးသော်လည်း ဆင်ဖြူကလေးကား ဝမ်းမသာ၊ မပျော်ရွှင်။ မျက်မမြင်မိခင်အိုကြီး၏ ဒုက္ခကို မြင်ယောင်ကာ ပူဆွေးသောက ရောက်နေရှာသည်။ ထို့ကြောင့် သူသည် အစာကို လုံးဝမစားဘဲ တမှိုင်မှိုင်

mgyoe.com

mgyoe.com


တတွေတွေနှင့်သာ ရှိနေရှာသည်။

ရက်အတန်ငယ်ကြာသော် ဘုရင်သည် ဆင်ဖြူကလေးကို စီးကာ မြို့ကိုလည်ရန် ပြင်ဆင်သည်။ သို့ကြောင့် သူသည် ဆင်ဖြူကလေးထံပါးသို့ သွားရောက်သည်။ ထိုအခါ ဆင်ဖြူကလေးမှာ ပိန်ချုံးညှိုးငယ်လျက် နေမကောင်းထိုင်မသာ ရှိနေသည်ကို တွေ့ရသည်။ ဤတွင် ဘုရင်ကြီးက "အို ဆင်ဖြူကလေး၊ သင့်ကို ငါ အကောင်းဆုံးနေရာမှာထားပြီး အကောင်းဆုံးအစာကို ကျွေးစေခဲ့ပါတယ်။ အခု သင် ဘာဖြစ်နေပါသလဲ။ ငါထားတဲ့နေရာက မကောင်းလို့လား။ ငါ ကျွေးတဲ့အစာတွေက မကောင်းလို့လား။ သင်အလိုရှိရာကို ပြောပါ။ ငါ ဆောင်ကြဉ်းပေးပါ့မယ်" ဟု မေးမြန်းပြောဆိုသည်။

ထိုအခါ ဆင်ဖြူကလေးက ငိုယိုကာ အကြောင်းစုံ ပြောပြသည်။ "အရှင်မင်းမြတ်၊ ကျွန်တော်မျိုး မျက်မမြင်မိခင်အိုကြီးထံပါးကိုသာ ပြန်လိုပါတယ်။ ကျွန်တော်မျိုးမရှိရင် မိခင်အိုကြီးဟာ သေဆုံးသွားရတော့မှာပဲ" ဟူ၍ တောင်းပန်ပြောဆိုသည်။

ဘုရင်ကြီးမှာ စိတ်ထားမြင့်မြတ်၍ သနားကြင်နာတတ်သူဖြစ်သည်။ အမိ၏ ကျေးဇူးကို သိတတ်သော ဆင်ဖြူကလေးကို လေးစားကြည်ညိုခြင်းဖြစ်မိသည်နှင့်အမျှ သူတို့သားအမိကိုလည်း သနား ကြင်နာမိသည်။ ထို့ပြင် ကျေးဇူးကန်းသော သူမိုက်ကိုလည်း စက်ဆုပ်မိသည်။

သို့ဖြင့် ဘုရင်ကြီးသည် ကျေးဇူးကန်းသော လူမိုက်ကို ပြစ်တင်ရှုတ်ချကာ ဆင်ဖြူကလေးကို အနှောင်အဖွဲ့မှ လွှတ်လိုက်သည်။ သူ၏ မိခင်အိုရှိရာသို့ ဘေးမသီရန်မခ ပြန်နိုင်ရန် လိုက်လံ

mgyoe.com

mgyoe.com


ပို့ဆောင်ပေးလေသည်။

ဆင်ဖြူကလေးသည် ဘုရင်ကြီးအား ရှိခိုးပြီးလျှင် မိခင်ထံပါးသို့ ပြေးသွားသည်။ ကံအားလျော်စွာပင် မိခင်အိုကြီးမှာ အစာငတ်သော်လည်း အသက်မသေ။ ကောင်းစွာရှိနေသည်ကို တွေ့ရသည်။

ဆင်ဖြူကလေးသည် အကြောင်းစုံကို မိခင်အိုကြီးအား ပြောပြသည်။ သို့ပြောပြရာမှ "အမေ ... လောကမှာ လူသားတိုင်း မရက်စက်ပါဘူး။ ကျေးဇူးမကန်းပါဘူး။ သားကို ဖမ်းမိအောင် မကောင်းကြံစည်တဲ့ ကျေးဇူးကန်းတဲ့ သူမိုက်မျိုးရှိသလို ဘုရင်ကြီးလို သနားကြင်နာတတ်တဲ့သူမျိုး၊ စိတ်ထားမြင့်မြတ်တဲ့သူမျိုး၊ ကိုယ်ချင်းစာတရားရှိတဲ့သူမျိုးလည်း ရှိပါတယ်" ဟု ပြောဆိုရာ မိခင်ဆင်မကြီးက အားရနှစ်သက်ဟန်ဖြင့် ခေါင်းတညိတ်ညိတ်ပြု၍ နေလေသည်။

■

မြန်မာပုံပြင်



mgyoe.com

mgyoe.com

# စိတ်ထားညီသော လင်မယား

တစ်ခါသော် အလွန်ဆင်းရဲသော တံငါသည် ယောကျ်ားပျိုတစ်ယောက်ရှိ၏။ သူသည် မိန်းမပျိုတစ်ယောက်နှင့် ချစ်ကြိုက်လေသည်။ မိန်းမပျိုသည် ယောကျ်ားပျိုနည်းတူပင် အလွန်ဆင်းရဲရှာ၏။ သို့ရာတွင် ဉာဏ်ပညာနှင့် အထူးပြည့်စုံ၏။

အချိန်တန်သော် သူတို့နှစ်ဦးသည် လက်ထပ်ထိမ်းမြားကာ အတူနေကြ၏။ အတူနေကြပြီး နောက်တစ်နေ့တွင် ယောကျ်ားသည် ငါးဖမ်းရန် မြစ်သို့ ထွက်သွား၏။ မိန်းမသည်လည်း ခင်ပွန်းဖြစ်သူကို ကူညီရန် အတူလိုက်ပါသွား၏။

လမ်း၌ သူတို့သည် ကျီးတစ်ကောင် ပျံသန်းသွားသည်ကို မြင်လိုက်၏။ ကျီးသည် အနက်ရောင်အဆင်းရှိ၏။ သို့ရာတွင် ယောကျ်ားက မိန်းမစိတ်ကို စမ်းလိုသဖြင့် "ကြည့်စမ်း နှမရေ၊ ကျီးမွေးတွေက ဖြူလိုက်တာ" ဟု ပြော၏။ ထိုအခါ မိန်းမက "ဟုတ်တယ် မောင်ရေ ကျီးမွေးတွေက သိပ်ဖြူတာပဲ" ဟူ၍ ထောက်ခံပြောဆို၏။

သူတို့သည် ဆက်လက်သွားကြရာ ဗျိုင်းတစ်ကောင် ပျံသန်းသွားသည်ကို မြင်ကြပြန်၏။ ဗျိုင်းသည် အဖြူရောင် အဆင်းရှိ၏။

mgyoe.com

mgyoe.com




သို့ရာတွင် ယောကျ်ားက ထပ်မံ၍ မိန်းမစိတ်ကို စမ်းလိုသဖြင့် "ကြည့်စမ်း နှမရေ ဗျိုင်းမွေးတွေက မည်းလိုက်တာ" ဟု ပြော၏။ ထိုအခါ မိန်းမက "ဟုတ်တယ်မောင်ရေ ... ဗျိုင်းမွေးတွေက သိပ်မည်းတာပဲ" ဟူ၍ ထောက်ခံပြောဆို၏။

မကြာမီ သူတို့သည် မြစ်သို့ ရောက်သွားကြ၏။ သူတို့နှစ်ဦးသည် တစ်ဦးအလိုကို တစ်ဦးလိုက်ကာ တစ်ဦးကိုတစ်ဦး အကူအညီပေးလျက် အတူပေါင်း၍ ငါးဖမ်းကြ၏။ ဤတွင် ငါး အမြောက်အမြား ဖမ်းဆီးရမိသည်မှာ အိမ်သို့ မသယ်နိုင်လောက်အောင်ပင် များပြားလှပေသည်။

mgyoe.com

mgyoe.com


ထိုနေ့မှစ၍ သူတို့နှစ်ဦးသည် စီးပွားဖြစ်ထွန်းကာ တစ်စစနှင့် ကြွယ်ဝချမ်းသာသော ဘဝသို့ ရောက်ရှိခဲ့ကြလေသည်။

ထိုတံငါလင်မယား၏ အိမ်အနီးတွင် သူတို့ကဲ့သို့ပင် ဆင်းရဲသော တံငါသည်လင်မယားရှိသည်။ သူတို့သည် ချမ်းသာကြွယ်ဝလာသော တံငါလင်မယားကို အားကျကာ တစ်နေ့တွင် မြစ်သို့ ငါးရှာသွားကြ၏။

လမ်း၌ သူတို့နှစ်ဦးသည် ကျီးတစ်ကောင် ပျံသန်းသွားသည်ကို မြင်လိုက်၏။ ဤတွင် ယောကျ်ားက "ကြည့်စမ်းနှမရေ ကျီးမွေးတွေက ဖြူလိုက်တာ" ဟု ပြော၏။ ထိုအခါ မိန်းမက "ဘယ်မှာ ကျီးမွေးတွေက ဖြူလို့လဲ၊ မည်းလိုက်သမှ မီးသွေးတုံးကျနေတာပဲ။ ရှင် မမြင်ဘူးလား" ဟူ၍ ပြန်ပြောလိုက်၏။

တစ်ဖန် သူတို့သည် ဗျိုင်းတစ်ကောင် ပျံသန်းသွားသည်ကို မြင်ကြပြန်၏။ ဤတွင် ယောကျ်ားက "ကြည့်စမ်းနှမရေ ဗျိုင်းမွေးတွေက မည်းလိုက်တာ" ဟု ပြော၏။ ထိုအခါ မိန်းမက "လာပြန်ပြီလား၊ ရှင် ရူးနေသလား၊ ဘယ်ဗျာ ဗျိုင်းမွေးတွေက မည်းလို့လဲ။ အဖြူရှင့် အဖြူ" ဟု ပြန်ပြော၏။ သို့ဖြင့် သူတို့နှစ်ဦးသည် ငြင်းခုံကြ၏။ ငြင်းခုံရာမှ စကားများ ရန်ဖြစ်ကြ၏။

မြစ်သို့ရောက်သောအခါ သူတို့သည် ငါးဖမ်းကြ၏။ တစ်နေကုန် ဖမ်းကြပါ၏။ သို့ရာတွင် တစ်ဦးအလိုကို တစ်ဦး လိုက်လျောခြင်းမရှိ၊ စိတ်ထားမညီသဖြင့် ငါးတစ်ကောင်တလေမှ ဖမ်းမမိကြပေ။

■


mgyoe.com

mgyoe.com

# သစ်ခုတ်သမား ဝိစု

တစ်ရံရောအခါက ရွာတစ်ရွာ၌ သစ်ခုတ်သမားတစ်ယောက် ရှိလေသည်။ သူ၏အမည်မှာ "ဝိစု" ဟု ခေါ်သည်။ သူသည် ချစ်လှစွာသော မယား၊ သားငယ်၊ သမီးငယ်တို့နှင့်အတူ လယ်ကွင်းထဲရှိ တဲတစ်တဲ၌ နေထိုင်လေသည်။

တစ်ညတွင် ဝိစုတို့မိသားစုသည် အိပ်ပျော်နေစဉ် ကျယ်လောင်သော အသံကြီးတစ်ခုကို ကြားရသဖြင့် အိပ်ပျော်ရာမှ လန့်နိုးသွားကြ၏။ အသံမှာ မြေအောက်မှ ပေါ်ထွက်လာသော အသံဖြစ်၏။ မိုးကြိုးသံထက်ပင် ကျယ်လောင်၏။ ဝိစုက မြေငလျင်ကြီးလှုပ်သည်ဟု ထင်မှတ်ကာ သားမယားတို့ကို ဆွဲခေါ်ပြီးလျှင် တဲပြင်သို့ ပြေးထွက်သွား၏။ တဲပြင်သို့ ရောက်သောအခါ တဲရှေ့တစ်ခေါ်လောက်ဝေးသော လယ်ကွင်းထဲတွင် တောင်ကြီးတစ်တောင် မားမားကြီး ပေါ်ထွန်းလျက် ရှိသည်ကို တွေ့ရ၏။ ယခင်က ဤနေရာ၌ တောင်ဟူ၍ လုံးဝမရှိ။ ဤနေရာသည် မြေညီမြေပြန့်သာ ဖြစ်လေသည်။ ယခုမှ တောင်ကြီးသည် မြေကြီးကို ခွဲ၍ ထွက်ပေါ်လာခြင်းဖြစ်သည်။ တောင်ကြီးမှာ အလွန် မြင့်မား

mgyoe.com

mgyoe.com




၍ အလွန်ကျယ်ပြန့် ရှည်လျားလှပေသည်။ တောင်ထိပ်အဆုံးတွင် မီးခိုးတလူလူထွက်နေရာ မီးတောင်ကြီးပင်ဖြစ်သည်ဟု ယူဆရပေမည်။

တစ်နေ့သောအခါ ဝိစုတို့အိမ်သို့ ဘုန်းတော်ကြီးတစ်ပါး ကြွရောက်လာသည်။ ဘုန်းတော်ကြီးက ဝိစုအား "တကာလေး ဝိစု ဘုရားကော ရှိခိုးဆုတောင်းခြင်း ပြုရဲ့လား" ဟု မေး၏။

ဝိစုက "မပြုပါဘုရား" ဟု ဆို၏။ ထိုအခါ ဘုန်းတော်ကြီးက ဘုရားရှိခိုး ဆုတောင်းခြင်းပြုရန် တိုက်တွန်း၏။ ဝိစုက

mgyoe.com

mgyoe.com


"တပည့်တော်တို့မှာ အလွန်ဆင်းရဲလှပါတယ်။ တစ်နေကုန် အလုပ်လုပ်မှ မိသားစု ထမင်းနပ်မှန်စားရပါတယ်။ တပည့်တော်ဆိုရင် သစ်လည်း ခုတ်ရပါတယ်။ လယ်လည်း လုပ်ရပါတယ်။ အလုပ်နဲ့လက်နဲ့ ပြတ်တယ်ရယ်လို့ မရှိပါဘူး။ ဒါကြောင့် ဘုရားရှိခိုး ဆုတောင်းချိန် မရပါဘုရား" ဟု ပြန်ပြောလေသည်။

ဝိစု သည်လို ပြောသောအခါ ဘုန်းတော်ကြီးသည် မကျေမနပ်ဖြစ်သွားလေသည်။ ထို့ကြောင့် ဘုရားရှိခိုး ဆုတောင်းခြင်း မပြုလျှင် သေလွန်၍ နောက်ဘဝရောက်သောအခါ လူပြန်မဖြစ်နိုင်။ ဖားပြုတ်သော်လည်းကောင်း၊ ကြွက်သော်လည်းကောင်း၊ ပိုးကောင်မွှားကောင်သော်လည်းကောင်း ဖြစ်လိမ့်မည်ဟူ၍ ခြောက်လှန့်ပြောဆို၏။ ဤတွင် ဝိစုသည် ကြောက်လန့်သွားကာ ဘုရားရှိခိုး ဆုတောင်းခြင်းပြုမည်ဟူ၍ ဝန်ခံကတိပေးလိုက်လေသည်။ ဘုန်းတော်ကြီးက "ဘုရားရှိခိုး ဆုတောင်းခြင်းလည်းပြု၊ အလုပ်လည်း လုပ်နော် ဝိစု" ဟူ၍ သတိပေးစကားပြောဆိုကာ ထွက်ခွာသွားလေသည်။

သို့ရာတွင် ဝိစုသည် ထိုနေ့မှစ၍ လုံးဝ အလုပ်မလုပ်တော့ပေ။ တစ်နေ့လုံး တစ်ညလုံး ဘုရားရှိခိုး ဆုတောင်းခြင်းသာ ပြုလေသည်။ သူသည် သစ်လည်း မခုတ်၊ လယ်လည်း မလုပ်ပေ။ သစ်မခုတ်သဖြင့် ထင်းမရောင်းရ။ လယ်လည်း မလုပ်ရသဖြင့် စပါးမရ။ သို့ဖြင့် သူ့မယားနှင့် သူ့သားငယ်သမီးငယ်တို့သည် အစားအစာ ငတ်မွတ်ခေါင်းပါးခြင်းဘေးနှင့် တစ်စတစ်စ ကြုံတွေ့လာလေတော့သည်။

ဤတွင် အလွန် သဘောသကာယကောင်းလှသော ဝိစု

mgyoe.com

mgyoe.com

မယားသည် သည်းမခံနိုင်တော့ပေ။ သူသည် အစာဆာလောင်မွတ်သိပ်နေသည့် သနားစဖွယ် ရင်သွေးငယ်များကို လက်ညှိုးထိုးပြလျက် ဝိစုအား ဒေါသဖြင့် အော်ဟစ်ပြောဆို၏။ "ဝိစု ကျွန်မတို့ ငတ်နေတာ ရှင် ဒီလိုပဲ ကြည့်နေတော့မှာလား။ ဘုရားရှိခိုး ဆုတောင်းနေမယ့်အစား ပုဆိန်ကိုယူပြီး သစ်ခုတ်ထွက်ပါတော့လား။ လယ်လုပ်ထွက်ပါတော့လား။ ရှင် တယ်မိုက်မဲ ရက်စက်တဲ့ လူပါလားဟင်"

သူ့မယားက သည်လိုပြောလိုက်သောအခါ ဝိစုသည် လွန်စွာ စိတ်ဆိုးသွား၏။ သူ့အဖို့ သည်လို အပြောအဆိုမျိုးကို တစ်ခါဖူးမျှ မခံရဘူးချေ။ ထို့ကြောင့် သူသည် ဘုရားရှိခိုး ဆုတောင်းနေရာမှ ရပ်ကာ မယားကို ဒေါသဖြင့် လှမ်းကြည့်လိုက်၏။ "ဟော့မိန်းမ မင်း တယ်စော်ကားပါလားဟင်။ တော်ပြီ၊ တော်ပြီ။ ဒီနေ့ကစပြီး မင်းတို့နဲ့ငါ အတူမနေတော့ဘူး" ဟု ဟစ်အော် ပြန်ပြော၏။ သို့ပြောရင်း ပုဆိန်ကို လှမ်းယူလိုက်ကာ အိမ်ထဲမှ ပြေးထွက်သွားလေသည်။ သူသည် မကြာမြင့်မီ ကာလက မြေမှ ပေါ်ထွန်းလာသော တောင်ကြီးရှိရာသို့သွားကာ တောင်ပေါ်သို့ တဖြည်းဖြည်း တက်သွားလေ၏။

အတန်ကြာ တက်မိသောအခါ ဝိစုသည် တောင်ပေါ်သို့ ရောက်သွား၏။ သူသည် တစ်နေရာတွင် ထိုင်လိုက်ကာ ဆက်လက်၍ ဘုရားရှိခိုး ဆုတောင်းမည်ပြုပြင်၏။ ထိုအခိုက် နောက်ဘက်မှ ခြေသံတစ်သံ ကြားရ၏။ လှည့်ကြည့်လိုက်သောအခါ မြွေခွေးတစ်ကောင်ကို ရိပ်ခနဲ မြင်လိုက်ရ၏။ မြွေခွေးသည် ပေါ့ပါးလျင်မြန်စွာ ချုံထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။

mgyoe.com

ဝိစုက မြေခွေးကို တွေ့သည်မှာ အတိတ်နိမိတ်ကောင်းဖြစ်သည်ဟု ယူဆ၏။ သို့ဖြင့် သူသည် ဘုရားရှိခိုး ဆုတောင်းခြင်း မပြုတော့ဘဲ မြေခွေးကို အနီးတစ်ဝိုက်တွင် လိုက်လံရှာဖွေလေသည်။ နောက်ဆုံး မတွေ့သဖြင့် သူသည် အားလျှော့ကာ စမ်းချောင်းဘေးသို့ သွား၍ ထိုင်နေ၏။ ထိုအခိုက် စမ်းချောင်းဘေးတစ်နေရာတွင် မိန်းမပျိုကလေးနှစ်ဦးကို မမျှော်လင့်ဘဲ မြင်တွေ့၏။ မိန်းမပျိုကလေးနှစ်ဦးသည် အေးချမ်းစွာ ထိုင်လျက် ကျားကစားနေကြ၏။ ပတ်ဝန်းကျင်တစ်ခုလုံး ဘာသံမျှ မကြားရ။ စမ်းရေစီးသံနှင့် သူတို့ ကျားကွက်ရွှေ့သံကိုသာ ကြားရသည်။ သူတို့သည် ကျားကစားခြင်းကို လွန်စွာ စိတ်ပါဝင်စားနေကြသည်။ အနီးတွင် ဝိစု ရောက်နေသည်ကိုပင် အမှတ်မထားကြပေ။ မမြင်ကြပေ။ ဝိစုသည် သူတို့ကို အံ့သြငေးမော ကြည့်ရှုနေမိသည်။ သူတို့နှစ်ဦးသည် လွန်စွာ ချောမောလှပသည်။ ပိုးဝတ်တန်ဆာတို့ကို တင့်တယ်စွာ ဝတ်ဆင်ထားသည်။ နက်မှောင်ရှည်လျားသော ဆံပင်ကို ဖားလျားချထားသည်။ နူးညံ့ပျော့ပျောင်းသော လက်ချောင်းကလေးများဖြင့် ကျားများကို·သည်အကွက်မှ ဟိုအကွက်သို့ ရွှေ့ချည်ပြောင်းချည် ကစားနေကြသည်မှာ ရှုမငြီးဖွယ်ရာဖြစ်ပေသည်။

ဝိစုသည် သူတို့ကို မည်မျှကြာအောင် ငေးမောကြည့်ရှုနေမိသည်မသိ။ မိန်းမပျိုကလေးတစ်ဦးက အကွက်မှား၍ ကျားကို ရွှေ့လိုက်ရာမှ သတိရသွားသည်။ သူသည် မအောင့်နိုင်ဘဲ "မှားသွားပြီ၊ မှားသွားပြီ" ဟု လွှတ်ခနဲ အော်လိုက်မိသည်။ သူ့အော်သံကို ကြားသောအခါ မိန်းမပျိုကလေးနှစ်ဦးသည် ရုတ်ခြည်းပင် မြေခွေးများအသွင်သို့ ကူးပြောင်းသွားကာ တောထဲသို့ ထွက်ပြေး

mgyoe.com


ပျောက်ကွယ်သွားလေသည်။

ဝိစုသည် အားမလိုအားရဖြစ်ကာ သူတို့နောက်သို့ ပြေးလိုက်၏။ သို့ရာတွင် ထူးဆန်းသည်မှာ ပြေးလိုက်ရင်းပင် သူ၏ ခြေလက်တို့သည် လေးလံလာ၏။ အားအင် ဆုတ်ယုတ်လာ၏။ သူ့ဆံပင်သည် ဖြူ၍ ရှည်လျားလာ၏။ သူ့မုတ်ဆိတ်တို့သည် ရှည်လျားလွန်းသဖြင့် မြေကြီးကိုပင် လာထိနေ၏။ သူ့လက်ထဲမှ ပုဆိန်သည်လည်း ဆွေးမြည့်ကာ မြေမှုန့်အဖြစ်သို့ ပြောင်းသွားလေသည်။ ထိုအခိုက် သူသည် အိမ်ကိုလည်းကောင်း၊ သားမယားကိုလည်းကောင်း သတိရလာ၏။ လွမ်းဆွတ်လာ၏။ သို့ဖြင့် သူသည် တောင်ပေါ်မှ ဆင်းသက်ခဲ့လေသည်။ ယခင် တောင်ပေါ်သို့ တက်လာစဉ်က သန်မာထွားကျိုင်း၍ နုပျိုလှသော ဝိစုသည် ယခု တောင်ပေါ်မှ ဆင်းသက်လာသောအခါတွင်ကား အိုမင်းမစွမ်းဖြစ်နေပြီ။ သူသည် တုန်တုန်ချည့်ချည့်နှင့် အိမ်သို့ရောက်အောင် အနိုင်နိုင် ကြိုးစား၍ ပြန်ခဲ့ရလေသည်။

အတန်ကြာသော် သူသည် သူနေထိုင်ရာ လယ်ကွင်းပြင်သို့ ပြန်ရောက်လာ၏။ လယ်ကွင်းပြင်၌ သူ့တဲအိမ်ကို အစအနမျှ မတွေ့ရတော့ပေ။ တစ်နေရာတွင် အဘွားအိုတစ်ဦး သစ်ပင်စိုက်နေသည်ကို တွေ့ရသဖြင့် ဝိစုက "အဘွားအို ဒီနားက ကျုပ်တဲအိမ် ဘယ်ရောက်သွားပြီလဲဟင်။ မနက်ကမှ ကျုပ် တောင်ပေါ်တက်သွားသေးတယ်။ အခု ညနေဘက်ပြန်လာတော့ မတွေ့တော့ဘူး။ တယ် ထူးဆန်းပါလားဗျ" ဟု မေးလိုက်၏။

အဘွားအိုသည် ဝိစုအား အရူးတစ်ယောက်ဟု ထင်မှတ်သဖြင့် နာမည်ကို မေး၏။ ဝိစုက သူ့အမည်ကို ပြောပြသောအခါ

mgyoe.com

mgyoe.com


အဘွားအိုက မယုံနိုင်အောင် ဖြစ်နေသည်။ "ကြံကြီးစည်ရာတော်။ ရှင် ရူးနေသလား။ ဝိစုဆိုတာ လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးရာလောက်ကသာ ရှိခဲ့တာ။ သူဟာ သူ့မိန်းမနဲ့ ကလေးတွေကို စွန့်ပြီး တောင်ပေါ်ကို တက်သွားလိုက်တာ လုံးဝ ပြန်မလာတော့ဘူးရှင့်" ဟု ပြောဆို၏။

"နှစ်ပေါင်းသုံးရာ ဟုတ်လား။ ဘုရား ဘုရား။ မဖြစ်နိုင်ပါဘူးဗျာ။ တစ်ဆိတ် ကျေးဇူးပြုပြီး ကျုပ်မိန်းမနဲ့ ကျုပ်သားသမီးတွေ ဘယ်ရောက်နေတယ်ဆိုတာ ပြောပြစမ်းပါဗျာ" ဟု ဝိစုက ဆို၏။

"ရှင့်မိန်းမနဲ့ ရှင့်သားသမီးတွေ သေကုန်တာကြာပါပကော။ သူတို့သာမကဘူး၊ သူတို့ရဲ့ သားမြေးမြစ်တွေလည်း သေကုန်ပြီရှင့်။ နေပါဦး ... ရှင် ဝိစုအမှန်ပဲလား" ဟု အဘွားအိုက ပြောဆိုမေးမြန်း၏။

ဝိစုသည် အဘွားအိုအား မိမိ၏ အဖြစ်အပျက်တို့ကို တစ်လုံးမကျန် ပြန်ပြောပြလေသည်။

"ဒါဟာ ဘုရားသခင်က ရှင့်ကို အပြစ်ပေးတာပဲ။ ရှင့်မိန်းမနဲ့ ကလေးတွေကို ရှင် ရက်ရက်စက်စက် ပြုကျင့်တဲ့အတွက် ဘုရားသခင်က ရှင့်သက်တမ်းကို အရှည်ကြီးထားပြီး ဆုံးမလိုက်တာ ဖြစ်မှာပဲ"ဟူ၍ အဘွားအိုက မှတ်ချက်ချလိုက်၏။

"ကျုပ်ရဲ့ ပျိုမျစ်တဲ့ဘဝဟာ အဓိပ္ပာယ်မရှိ ကုန်ဆုံးခဲ့ရပါပကောလားခင်ဗျာ။ ကျုပ် မှားပါတယ်။ ကျုပ်မိန်းမနဲ့ ကျုပ်သားသမီးတွေ စားရမဲ့ သောက်ရမဲ့ဖြစ်နေတာကို ကျုပ်ဟာ လက်ရုံးနှစ်ဖက်အားကိုးပြီး စောင့်ရှောက်သင့်တယ်။ ဒီလို စောင့်ရှောက်

mgyoe.com

mgyoe.com


သင့်တာကို မစောင့်ရှောက်ဘဲ ဘုရားချည်း ရှိခိုးဆုတောင်းနေခဲ့တယ်။ ကျုပ်သိပ်မှားတာပဲခင်ဗျာ။ ဒီမယ် အဘွားအို ... ကျုပ် စကား လက်ဆောင်တစ်ခု ပေးချင်ပါတယ်။ တခြားတော့ မဟုတ်ပါဘူး။ ဘုရားရှိခိုး ဆုတောင်းရင်း တစ်ဖက်ကလည်း အလုပ်လုပ်ပါလို့ ပြော ချင်ပါတယ်"

ဝိစုက အလေးအနက်ပြောလိုက်လေသည်။ သည်လိုပြောနေစဉ် ဝမ်းနည်းလှသဖြင့် မျက်ရည်ပူကြီးများသည် သူ့မျက်လုံးအိမ်မှ စီးကျလာလေသတည်း။

■

ဂျပန်ပုံပြင်

mgyoe.com

mgyoe.com

# မသေလိုသူ

တစ်ခါသော် ဂျပန်ပြည်၌ စင်တာရိုအမည်ရှိ သူဌေးတစ်ယောက် ရှိ၏။ သူသည် ငယ်ငယ်ရွယ်ရွယ်ပင် ရှိသေးသော်လည်း ဘာအလုပ်မှမလုပ်။ အငြိမ်းစားနေထိုင်လျက် အစွမ်းကုန် စည်းစိမ်ခံစားနေ၏။

သူသည် သူ့အတွက် အတော်ဆုံး ထမင်းချက်တို့ကို ငှားရမ်းကာ အကောင်းဆုံးအစာတို့ကို ချက်ပြုတ်စေ၏။ အကြီးဆုံး ပန်းဥယျာဉ်ကို ဝယ်ကာ အလှဆုံးပန်းတို့ကို စိုက်ပျိုးစေ၏။ အချောဆုံး ကချေသည်တို့ကို ခေါ်ယူကာ အနွဲ့ဆုံး ကပြစေ၏။

နွေဦးရာသီတွင် ဆီးနှင်းတို့နှင့် ဖွေးဖွေးဖြူလျက်ရှိသော ဖူဂျီယာမ တောင်ထိပ်တစ်ဝိုက်တွင် ချယ်ရီပန်းတို့ ဝေဝေဆာဆာ ဝန်းရံဖူးပွင့်တတ်သည်။ ထိုအခါမျိုးတွင် စင်တာရိုသည် ထိုပန်းတို့ကို သူ့အိပ်ခန်းပြတင်းက လှမ်းမျှော်ကြည့်ကာ နှစ်သိမ့်မဆုံး ရှိနေတတ်လေသည်။

သည်လို နေထိုင်လာရာမှ တစ်နေ့သောအခါ စင်တာရိုတစ်ယောက် အပြင်းအထန် ဖျားနာလေသည်။ ဤတွင် ဆရာဝန်ကို

mgyoe.com

mgyoe.com




ခေါ်ပြသည်။ ဆရာဝန်သည် အဖျားရောဂါကို ကုသပေးပြီးလျှင် စင်တာရိုအား နောင်အခါ သတိပြုနေထိုင်ရမည်။ သည်ရောဂါမျိုး ထပ်မံဖြစ်ပွားလျှင် ပျောက်ကင်းအောင် ကုသနိုင်မည်မဟုတ်၊ အသက်ဆုံးရှုံးလိမ့်မည်ဟူ၍ သတိပေးစကား ပြောကြားသွားလေသည်။

ထိုအခါ စင်တာရိုသည် များစွာ ထိတ်လန့်တုန်လှုပ်သွားလေသည်။ သူသည် ယခင်က သေခြင်းတရားကို တွေးလည်း

mgyoe.com

mg.yoe.com


မတွေးမိ။ ဂရုလည်း မပြုမိ။ ယခုကဲ့သို့ ဆရာဝန်၏ သတိပေး စကားကို ကြားရသောအခါ သေရမည်ကို ပူပန်မဆုံး ဖြစ်မိလေသည်။ သူ့အဖို့ ချမ်းသာသုခစည်းစိမ်တို့နှင့် ဝိုင်းဝိုင်းလည်နေရာ အခြားသူများထက် ပို၍ ဘဝကို ခင်တွယ်မိလေသည်။ ထို့ကြောင့် သူသည် စာအုပ်ပေါင်းများစွာကို ဝယ်ယူဖတ်ရှုကာ မသေဆေးမည်သို့မည်ပုံ ရနိုင်မည်ကို ရှာဖွေလေသည်။ ကံအားလျော်စွာပင် နောက်ဆုံး၌ စာအုပ်ဟောင်းတစ်အုပ်ထဲတွင် ဂျိုဖူကူနှင့် နတ်ရေစင်အကြောင်း ဖတ်ရှုရလေသည်။

စာအုပ်ထဲ၌ ပါရှိသည်မှာ ဤသို့ဖြစ်သည်။

တစ်ရံရောအခါ တရုတ်ဘုရင်တစ်ပါးရှိသည်။ သူသည် မသေဆေးကို အလိုရှိသောကြောင့် သူ၏ ညာလက်ရုံးဝန်ကြီးဖြစ်သူ ဂျိုဖူကူကို ဆေးအရှာလွှတ်လိုက်လေသည်။ ဂျိုဖူကူသည် မသေဆေးရှာရန် ပင်လယ်သမုဒ္ဒရာကို ခရီးလွှင့်သွားလေသည်။ သူသည် နောက်ဆုံးတွင် တိုင်းပြည်တစ်ပြည်သို့ ရောက်သွားသည်။ ထိုတိုင်းပြည်၌ မြင့်မားလှသော တောင်ကြီးတစ်တောင်ရှိသည်။ တောင်ထိပ်မှာ ဆီးနှင်းတို့ဖြင့် ထာဝစဉ် ဖုံးလွှမ်းလျက်ရှိသည်။ လူအများက ထိုတောင်ထိပ်တွင် ရသေ့တစ်စု နေထိုင်လျက်ရှိကြောင်း၊ ထိုရသေ့တို့၌ အသက်သေခြင်းကို တားမြစ်နိုင်သည့် မသေဆေးဖြစ်သော နတ်ရေစင်ရှိကြောင်း ဂျိုဖူကူကို ပြောပြကြသည်။ သို့ဖြင့် ဂျိုဖူကူသည် နတ်ရေစင်ရရှိရန် ထိုတောင်ထိပ်သို့ တက်သွားလေသည်။ သို့ရာတွင် အချိန်အတန်ကြာသော်လည်း ဂျိုဖူကူသည် တောင်ပေါ်က ပြန်ဆင်းမလာတော့ပေ။ လူအများက ဂျိုဖူကူသည် တောင်ထိပ်၌ ရသေ့များနှင့်တွေ့ကာ နတ်ရေစင်ကို သောက်သုံးလျက်

mgyoe.com

mgyoe.com


ထာဝစဉ် အသက်ရှင်နေထိုင်လျက်ရှိကြောင်း၊ ထို့ကြောင့် တောင်အောက်သို့ ပြန်ဆင်းမလာကြောင်း ပြောကြလေသည်။ ထိုတောင်ကား အခြားမဟုတ်၊ ဖူဂျီယာမတောင်ပင် ဖြစ်လေသည်။

သည်စာကို ဖတ်ပြီးသောအခါ စင်တာရိုသည် ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေသည်။ နောက်တစ်နေ့ နံနက်စောစောတွင် သူသည် အိပ်ရာမှထလျက် ဖူဂျီယာမတောင်ဘက်သို့ တစ်ယောက်တည်း ထွက်သွားလေသည်။

ဖူဂျီယာမတောင်ကို အဝေးမှ မြင်ရသည့်တွင် အနီးကလေးဟု ထင်ရသည်။ သို့ရာတွင် တကယ်တမ်း သွားကြည့်သောအခါ၌ကား အတော်ပင် ခရီးဝေးလှသည်။ စင်တာရိုသည် ရက်ပေါင်းများစွာ ခရီးနှင်ပြီးသောအခါမှ တောင်ခြေသို့ ရောက်သွားလေသည်။ ရောက်လျှင်ရောက်ချင်းပင် တောင်ပေါ်သို့ စတင်တက်လေသည်။ ခရီးအစ၌ သူသည် သစ်ခုတ်သမားတစ်ယောက်ကိုတွေ့ရာ တောင်ထိပ်၌ ရသေ့များ ရှိမရှိ မေးမြန်းကြည့်သေး၏။ သစ်ခုတ်သမားက မည်သည့်ရသေ့မှ မနေဟု ပြန်ပြော၏။

စင်တာရိုကား သစ်ခုတ်သမားစကားကို ဂရုမပြု။ ဆက်လက် တက်သွား၏။ သို့ဖြင့် တောင်ထိပ်နားသို့ ရောက်သောအခါ သူသည် ဘုရားကျောင်းအိုကြီးတစ်ဆောင်ကို တွေ့ရလေသည်။ ကျောင်းအိုကြီး၌ မည်သူမျှမရှိ။ နှစ်ပေါင်းများစွာကပင် လူတို့ စွန့်ခွာသွားဟန်တူသည်။

စင်တာရိုသည် ကျောင်းတွင်းသို့ ဖြည်းညင်းစွာ ဝင်သွားသည်။ တစ်နေရာတွင် သူသည် ဂျိုဖူကူ၏ ကျောက်ရုပ်ဟူ၍ ယူဆရသော ရှေးဟောင်းကျောက်ရုပ်ကြီးတစ်ရုပ်ကို တွေ့ရလေသည်။

mgyoe.com

mgyoe.com


စင်တာရှိသည် ဤကျောက်ရုပ်ကြီးရှေ့တွင် ရှိသေကျိုးနွံစွာ ထိုင်ချလျက် နတ်ရေစင်ကို ပေးသနားပါမည့်အကြောင်း ရှိခိုးဆုတောင်းခြင်း ပြု၏။ ရှိခိုးဆုတောင်းခြင်းပြုသည်မှာ ၇ ရက် ၇ ညတိုင်ပင်ဖြစ်၏။

၇ ညမြောက်သော သန်းခေါင်ယံအချိန်တွင် ကျောက်ရုပ်ကြီး၏ ဝမ်းဗိုက်မှ အပေါက်တစ်ခုပွင့်လာကာ ဂျိုဖူကူထွက်လာ၏။ ဂျိုဖူကူကိုယ်သည် ပိုးစုန်းကြူးကဲ့သို့ တလက်လက် တောက်နေရာ အမှောင်ထဲတွင် မီးထွန်းထားသကဲ့သို့ ရှိနေလေသည်။ သူသည် စင်တာရှိထံပါးသို့ ဖြည်းညင်းစွာ ချဉ်းကပ်လာလျက်–

"ငါ့သား နတ်ရေစင်လိုချင်ကြောင်း မင်းဆုတောင်းနေတယ် မဟုတ်လား။ နတ်ရေစင်ကိုတော့ ငါ မပေးနိုင်တော့ဘူးကွယ်။ ဒါပေမဲ့ မင်းကို မသေတဲ့ဒေသကိုတော့ ငါ ပို့ပေးနိုင်ပါတယ်။ အဲဒီဒေသမှာ နေသမျှလူတိုင်းဟာ မသေဆေးသောက်သုံးရသလိုပါပဲ။ ဘယ်တော့မှ မသေနိုင်တော့ပါဘူး။ မင်းသွားချင်ရင် ငါ ဖန်တီးပေးပါ့မယ်။ အေး တစ်ခုတော့ရှိတယ်၊ သွားရလို့ရှိရင်လည်း မင်း ပျော်ရွှင်ချမ်းမြေ့လိမ့်မယ် မဟုတ်ပါဘူးကွယ်"

စင်တာရှိသည် သေခြင်းတရားကို ကွင်းရှောင်လိုသူဖြစ်သဖြင့် "မသေဒေသ" သို့ သွားလိုနေသည်။ ဤတွင် ဂျိုဖူကူက "ရော့ ဒါကလေးယူ၊ မင်းကို သူက "မသေဒေသ" ကို ဆောင်ကြဉ်းသွားပါလိမ့်မယ်" ဟု ဆိုကာ စင်တာရှိ၏လက်ထဲသို့ စက္ကူခေါက်ကလေးတစ်ချပ် ထည့်လိုက်လေသည်။

စက္ကူခေါက်ကလေးကို စင်တာရှိဖြေကြည့်လိုက်သောအခါ စက္ကူငှက်ရုပ်ကလေးကို တွေ့ရလေသည်။ ကြည့်နေရင်းပင် စက္ကူငှက်

mgyoe.com

mgyoe.com


ကလေးသည် အသက်ရှင် လှုပ်ရှားလာသည်။ တဖြည်းဖြည်း ကြီးထွားလာသည်။ နောက်ဆုံး ရောမငှက်ဆင်ကြီး ဖြစ်လာလေသည်။

စင်တာရိုသည် ငှက်ဆင်ကြီး၏ ကျောပေါ်သို့ တွား၍ တက်သွား၏။ မကြာမီ ငှက်ဆင်ကြီးသည် စင်တာရိုကို သယ်ဆောင်ကာ ကောင်းကင်ထက်သို့ ပျံတက်သွား၏။ သူသည် တောင်ကိုပတ်ပြီးလျှင် ပင်လယ်သမုဒ္ဒရာကို ဖြတ်သန်းပျံသွား၏။ ရက်ပေါင်းများစွာ ကြာ၏။

နောက်ဆုံး၌ သူတို့သည် ထူးဆန်းသော အရပ်ဖြစ်သည့် "မသေဒေသ" သို့ ရောက်သွားလေသည်။ ကုန်းပေါ်သို့ ငှက်ဆင်နားမိသောအခါ ငှက်ဆင်သည် တစ်စတစ်စ သေးငယ်သွား၏။ နောက်ဆုံး အသက်မရှိတော့ဘဲ မူလအတိုင်းပင် စက္ကူငှက်ရုပ်ကလေးဖြစ်သွား၏။ စင်တာရိုသည် သူ့အကျႌအိတ်တွင်းသို့ စက္ကူငှက်ရုပ်ကလေးကို ခေါက်ထည့်ကာ မသေဒေသကို လှည့်ပတ်ကြည့်ရှု၏။

"မသေဒေသ" ကို စင်တာရို များစွာ နှစ်သက် သဘောကျနေ၏။ သူသည် လွန်စွာ ဝမ်းသာ ပျော်ရွှင်နေ၏။ မကြာမီ သူသည် ထိုဒေသတွင် နေထိုင်သူများကို တွေ့ရ၏။ သူတို့ကို ကြည့်ရသည်မှာ ထူးဆန်းလှ၏။ သူတို့သည် သေခြင်းတရားကို မကြောက်မရွံ့ မစိုးရိမ်ရဘဲ ထာဝစဉ် အသက်ရှင်နေရပါလျက် ပျော်ရွှင်ချမ်းမြေ့ခြင်း မရှိပေ။ သူတို့သည် တစ်စုံတစ်ရာကို မျှော်လင့်အားထားနေပုံရ၏။ သို့ရာတွင် သူတို့ မျှော်လင့်ထားသော အရာသည် ပေါ်မလာသဖြင့် သူတို့မှာ ဆောက်တည်ရာမရ ဖြစ်နေရှာ၏။ သူတို့သည် တောထဲသို့ သွားလျက် အဆိပ်သီးဟု ထင်ရသော အသီးတို့ကို စားကြ၏။

mgyoe.com

mgyoe.com


သို့ရာတွင် သူတို့မှာ မသေကြပေ။ ထိုအခါ သူတို့သည် မြင့်မားသော ကျောက်ဆောင် ကျောက်တောင်များပေါ်မှ အောက်သို့ ခုန်ချကြ၏။ သို့ရာတွင် သူတို့မှာ မသေကြပေ။ သူတို့က စင်တာရိအား တစ်ခါတစ်ရံ အိန္ဒိယပြည်နှင့် တရုတ်ပြည်တို့မှ ရသေ့ရဟန်းများ ကြွရောက်လာကြောင်း၊ ထိုပုဂ္ဂိုလ်တို့က သူတို့အား သည်ဘဝမှ ကွယ်လွန်ပြီးနောက်မှ ရောက်နိုင်သော ကောင်းရာသုဂတိသို့ ရောက်ရာရောက်ကြောင်းတရားကို ဟောပြောကြကြောင်း၊ သို့ရာတွင် သူတို့မှာ သည်ဘဝမှ မကွယ်လွန်နိုင်ဘဲ ထာဝရ အသက်ရှင်နေသဖြင့် မည်သို့မျှ မတတ်နိုင်ကြောင်း ပြောပြကြ၏။

သည်လိုပြောနေစဉ် ထူးဆန်းသော အရပ်ဒေသမှ ရွက်သင်္ဘောတစ်စင်း ဆိုက်ရောက်လာရာ ထိုသူတို့သည် ရွက်သင်္ဘောထံသို့ အလုအယက်ပြေးသွားကြ၏။ သင်္ဘောသားများထံမှ အဆိပ်များကို တောင်းကြ၏။ စားမျိုကြ၏။ သို့ရာတွင် မသေကြပေ။ စင်တာရိသည် သူတို့ကိုကြည့်ကာ စိတ်ထဲ၌ ကျိတ်၍ လှောင်ပြောင်မိ၏။ မသေဘဲ နေနိုင်သည်ကို ဝမ်းသာသင့်ပါလျက် ဝမ်းမသာရှိကြကာ သေခြင်းတရားကို ရှာဖွေနေကြသည်မှာ မိုက်မဲလှချေသည်တကား ဟူ၍လည်း မြည်တမ်းမိ၏။

စင်တာရိကား အိမ်သစ်တွင် ချမ်းသာစွာ နေ့ထိုင်လျက်ရှိ၏။ ယခင်ကအတိုင်းပင် စည်းစိမ်ခံစားလျက်ရှိ၏။ မကြာခဏပင် သူ့မိတ်ဆွေများက သူ့အား "သည်လိုနေရတာ မငြီးငွေ့ဘူးလား။ မသေချင်ဘူးလား" ဟု မေးကြ၏။ ထိုအခါ သူက "အို ကျုပ် နည်းနည်းမှ မငြီးငွေ့ပါဘူး။ ကျုပ် သိပ်ပျော်တာပဲ။ ဒီဒေသက ဘယ်တော့မှ တစ်ဖဝါး မခွာဘူးမှတ်ပါ" ဟူ၍ ပြန်ပြောလေ့ရှိ၏။

mgyoe.com

mgyoe.com

သို့ရာတွင် နှစ်ပေါင်းရာပေါင်းများစွာ ကြာသောအခါ၌ကား စင်တာရိုသည် ငြီးငွေ့လာလေတော့သည်။ သူသည် သူ့မွေးရပ်မြေဖြစ်သော အမိဂျပန်နိုင်ငံသို့ ပြန်လျက် ထိုဒေသ၌ သေဆုံးချင်လာ၏။ သူသည် နေ့ရောညပါ အမိဂျပန်နိုင်ငံကို တမ်းတ၏။ သို့တမ်းတရင်းလည်း ပျော်ရွှင်ခြင်း၊ ချမ်းမြေ့ခြင်းတို့ လုံးဝဆိတ်သုန်းလာ၏။

"အို ဖခင်ဂျိုဖူကူ တစ်ကြိမ်လောက် ဖခင်နဲ့ ပြန်တွေ့ချင်ပါတယ်။ ဒီအခါ ကျွန်တော်ကို သေရွာကို ပို့ပေးပါ။ ဒီမသေတဲ့ ဒေသမှာ ထာဝစဉ်အသက်ရှင်ပြီး မနေချင်တော့ပါဘူး။ ကျွန်တော်မှားပါပြီလို့ ရှိခိုးတောင်းပန်မိမှာပါဖခင်" ဟူ၍ စင်တာရိုသည် ဂျိုဖူကူကို တမ်းတရင်း မြည်တမ်းမိ၏။ အကြိမ်ကြိမ် ရှိခိုးဆုတောင်းမိ၏။

တစ်နေ့တွင် သူသည် ဂျိုဖူကူကို တမ်းတနေစဉ် သူ့အင်္ကျီအိတ်တွင်းရှိ စက္ကူငှက်ရုပ်ကလေးကို စမ်းမိသွား၏။ ဤဒေသသို့ ရောက်စဉ်က သူ့အိတ်ထဲတွင် ထည့်ထားသည်မှာ ကာလကြာပြီဖြစ်သဖြင့် မေ့လျော့၍ပင်နေပြီ။

သူသည် စိတ်ညစ်ညစ်ဖြင့် ငှက်ရုပ်ကလေးကို အိတ်ထဲမှ ထုတ်၍ ဖြည်ကြည့်လိုက်၏။ ထိုအခါ ငှက်ရုပ်ကလေးသည် ယခင်ကကဲ့သို့ တစ်စတစ်စကြီးထွားလာကာ အသက်ဝင် လှုပ်ရှားလာ၏။ စင်တာရိုသည် ဝမ်းမြောက်ဝမ်းသာဖြင့် ငှက်ကျောပေါ်သို့ ခုန်တက်လိုက်၏။ ငှက်သည်တောင်ပံနှစ်ခုကို တဖျပ်ဖျပ်ရိုက်ခတ်လျက် မသေဒေသကို စွန့်ခွာကာ မူလဂျပန်နိုင်ငံသို့ ရှေးရှုပျံသန်းသွားလေ၏။ စင်တာရိုသည် ငှက်ကျောပေါ်၌ စီးနင်းလိုက်

mgyoe.com

mgyoe.com

ပါရင်း ဝမ်းသာပျော်ရွှင်မဆုံး ရှိနေသည်။ မကြာမီ ဂျပန်နိုင်ငံသို့ ပြန်ရောက်ကာ သေခြင်းတရားနှင့် ထိတွေ့ရမည်ကို သူသည် မျှော်လင့်ကြည်နူးမဆုံး ဖြစ်နေ၏။

သို့ရာတွင် သူ့ခမျာ ကြာရှည်ဝမ်းမသာနိုင်ရှာပေ။ ဂျပန်နိုင်ငံအနီးသို့ အရောက်တွင် ရုတ်တရက် တိမ်မည်းတို့ တက်လာသည်။ မိုးသည်းထန်စွာ ရွာသွန်းလာသည်။ ဤတွင် စက္ကူငှက်ကြီးမှာ ရေစိုကာ ပျော့ခွေညွတ်အိပြီးလျှင် စင်တာရိုနှင့်အတူ ပင်လယ်တွင်းသို့ထိုးကျသွားလေသည်။

စင်တာရိုက သူ့အား နတ်သိကြားတို့ ကယ်မပါရန် ဆုတောင်း၏။ သို့ရာတွင် နတ်သိကြားတို့ပေါ်မလာ။ ကြောက်စရာကြီးမားလှသည့် ငါးမန်းကြီးတစ်ကောင်သာ ရေလှိုင်းကြားထဲမှ ပေါ်လာ၏။ ငါးမန်းကြီးသည် သူ့အား ထိုးဟပ်လိုက်ကာ စားမျိုမည်ပြုလိုက်ရာ သူသည် ကြောက်လန့်စွာ အော်ဟစ်လိုက်လေသည်။

သည်လို အော်ဟစ်ရင်းပင် စင်တာရိုသည် အိပ်ပျော်ရာမှ လန့်နိုးလာသည်။ သူကြုံတွေ့နေရသည်မှာ အိမ်မက်ထဲ၌ ကြုံတွေ့နေရသည်တို့သာ ဖြစ်ပေသည်တကား။ သူသည် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ရသေ့အိုကြီးတစ်ပါး သူ့အနီးတွင် တရားထိုင်လျက်ရှိသည်ကို တွေ့ရသည်။ ရသေ့အိုကား သည်နေရာသည်အရပ်သို့ မကြာခဏလာ၍ တရားဘာဝနာစီးဖြန်းသူ ဖြစ်ပေသည်။

စင်တာရိုက သူ့အကြောင်းကိုလည်းကောင်း၊ အိပ်မက်အကြောင်းကိုလည်းကောင်း ရသေ့အိုအား ပြောပြ၏။

ရသေ့အိုက "ငါ့သား ဒါဟာ ငါ့သားအတွက် သင်ခန်းစာပဲ။

mgyoe.com

mgyoe.com


ငါ့သားလိုပဲ လူတွေဟာ သေရမှာကိုကြောက်ပြီး ထာဝစဉ် အသက်ရှင်နေဖို့ တောင့်တကြတယ်။ ဒါပေမဲ့ အခု ငါ့သားသိခဲ့တဲ့ အတိုင်းပဲ ထာဝစဉ် အသက်ရှင်နေလို့လည်း မဖြစ်ပြန်ဘူးမဟုတ် လား။ တကယ်တော့ လူတွေဟာ သက်တမ်းရှိသလောက်သာ အသက်ရှင် နေသင့်တာပဲ။ အရေးကြီးဆုံးက အသက်ရှင်နေခိုက်မှာ မိမိအတွက် ဉာဏ်ပညာနဲ့ ပြည့်စုံအောင် ကြိုးစား၊ တစ်ဖက်ကလည်း မိမိဝန်းကျင် မှာရှိတဲ့ လူသားတွေအပေါ် မေတ္တာကရုဏာထားပြီး သူတို့ ကောင်းကျိုးကို ဆောင်ရွက်ပေးဖို့ပဲ။ ဒါဟာ ဘဝရဲ့ အဓိကအချက်ပဲ။ ငါ့သားအိပ်မက်ကို မမေ့နဲ့။ အမြဲသတိရပြီး ဘဝကို အဓိပ္ပာယ်ရှိရှိ နေသွားပေတော့ သားရေ"ဟု ဆုံးမပြောဆိုလေသည်။

ထိုနေ့မှစ၍ စင်တာရိုသည် သူ့ဘဝကို အဓိပ္ပာယ်ရှိအောင် နေထိုင်အသုံးချသွားလေသည်။ သူသည် သူ့ဘဝကို စည်းစိမ် ခံစားခြင်းဖြင့်သာ မကုန်လွန်စေတော့။ ပတ်ဝန်းကျင်ရှိ လူအများကို ကူညီစောင့်ရှောက်လျက် ထိုသူတို့ ကြည်သာပျော်ရွှင်ရေးကို အစွမ်းကုန် ဆောင်ရွက်ပေးလေသည်။ ဤသို့ဖြင့် ထိုသူတို့လည်း ပျော်ရွှင် ချမ်းမြေ့လျက် သူကိုယ်တိုင်လည်း ပျော်ရွှင်ချမ်းမြေ့ခြင်း အရသာကို ခံစားရလေသည်။

အသက်အရွယ် အိုမင်းရင့်ရော်၍ အချိန်တန်သောအခါ စင်တာရိုသည် မျက်ရည်တစမ်းစမ်းနှင့်ရှိနေကြသော မိတ်ဆွေ သင်္ဂဟများ၏ လက်ထဲမှာပင် အေးချမ်းညင်သာစွာ သေဆုံးသွား လေသည်။

■

ဂျပန်ပုံပြင်

mgyoe.com

mgyoe.com

# ရန်သူကြီးသုံးဦး

တစ်ရံရောအခါ နယ်တစ်နယ်၌ လုလင်ပျိုတစ်ယောက်ရှိ၏။ သူသည် ကြီးမားသော ခွန်အားဗလနှင့် ပြည့်စုံ၏။ သို့ရာတွင် ယဉ်ကျေး သိမ်မွေ့ခြင်းမရှိ။ မောက်မာ ခက်ထန်ကြမ်းတမ်း၏။ ထို့ကြောင့် ရောက်လေရာအရပ်တွင် ခိုက်ရန်ဖြစ်ပွားလေ့ရှိ၏။ လူတကာနှင့် ခိုက်ရန်ဖြစ်ပွားလေ့ရှိသော ထိုလုလင်ပျိုအား ရွာသူကြီးများသည် အပြစ်ဒဏ်ပေးလိုကြ၏။ သို့ရာတွင် သူ့ခွန်အားဗလကို မဖက်ပြိုင်ဝံ့ သဖြင့် အပြစ်ဒဏ်မပေးဝံ့ကြပေ။

လုလင်ပျိုသည် တောက်ပြောင်သော ပိုးဝတ်တန်ဆာတို့ကို ဝတ်ဆင်လျက် ဝင့်ကြွားလှသော ဦးထုပ်ကြီးကို ဆောင်းလျက် ခွန်ထက်သော ဓားလွယ်ကြီးကို လွယ်လျက် မည်သူ့ကိုမျှ လူ မထင်။ ဝင့်ဝါစွာ သွားလာနေထိုင်လေသည်။

သူသည် မောက်မာခက်ထန်သည်နှင့်အမျှ လောင်းကစား လည်း ဝါသနာပါ၏။ အရက်သေစာကိုလည်း ကြိုက်၏။ တစ်ဖန် လောင်းကစားရင်း အရက်သောက်ရင်းလည်း ရန်ဖြစ်ပြန်၏။ မည် သူမဆို သူနှင့် အငြင်းအခုံ ဖြစ်ပွားလျှင် သူက ရိုက်နှက်ထိုးပုတ်

mgyoe.com

mgyoe.com



လိုက်သည်သာဖြစ်၏။ ဤသို့ဖြင့် နှစ်အတန်ကြာတိုင်အောင် သူသည် နယ်သူနယ်သားများကို အနှောင့်အယှက် ပေးလျက်ရှိလေသည်။

တစ်နေ့သောအခါ ထိုနယ်သို့ နယ်စားအသစ်တစ်ယောက် ပြောင်းရွှေ့ရောက်ရှိလာ၏။ နယ်စားသစ်သည် ရောက်လာလျှင် ရောက်လာချင်းပင် နယ်အခြေအနေကို လိုက်လံစုံစမ်းလေသည်။ ထိုအခါ ထိုနယ်၌ ရန်သူကြီးသုံးဦး ထကြွသောင်းကျန်းလျက်ရှိ သည်ကို ကြားသိရလေသည်။

mgyoe.com

mgyoe.com


ထိုအခါ နယ်စားကြီးသည် ဟောင်းနွမ်းသော အဝတ်အစား တို့ကို ဝတ်ဆင်လျက် လုလင်ပျို၏ အိမ်ရှေ့သို့သွား၍ ငိုကြွေးမြည် တမ်းလေသည်။ ထိုအချိန်၌ လုလင်ပျိုသည် အိမ်တွင်မရှိပေ။ အရက်ဆိုင်မှအပြန် လမ်း၌ပင်ရှိသည်။ သူသည် အရက်မူးမူးနှင့် ကျယ်လောင်စွာ သီချင်းဆိုလျက် ဓားလွယ်ကြီးကိုဝင့်လျက် အိမ် ပြန်လာလေသည်။ အိမ်ရှေ့သို့ ရောက်သောအခါ သူက "ဟေ့ ငါ့အိမ်ရှေ့မှာ ငိုနေတာ ဘယ်သူလဲကွ။ ဘာဖြစ်လို့ လာငိုနေရလဲ" ဟု မေးလိုက်သည်။

နယ်စားကြီးက "နယ်သူနယ်သားတွေ ဒုက္ခရောက်နေတဲ့ အတွက် ငါငိုတာပါကွယ်" ဟု ပြန်ပြောလေသည်။

လုလင်ပျိုသည် ကျယ်လောင်စွာ ရယ်မောလိုက်ပြီးလျှင် "ဒီ မယ် မိတ်ဆွေကြီး၊ နယ်သူနယ်သားတွေ ဒုက္ခရောက်နေတယ်လို့ ခင်ဗျားကို ဘယ်သူပြောသလဲ။ ကျွန်တော်တို့နယ်မှာ သူပုန်ရန် မရှိလို့ အားလုံး အေးချမ်းနေပြီဗျ။ ပြီးတော့ အစားအသောက်ဆိုရင် လည်း ဆန်စပါးတွေ အလုံအလောက် ရှိနေတယ်လေ။ အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ အလုပ်လုပ်နေကြတာပဲ။ နယ်သူနယ်သားတွေ ဒုက္ခမရောက်ပါဘဲနဲ့ ဒုက္ခရောက်နေတယ်လို့ ပြောနေတာဟာ ရော ဂါဝေဒနာမရှိဘဲ ညည်းညူနေတဲ့လူနဲ့ တူမနေဘူလား။ ဒီမှာ အဘိုးကြီး အဓိပ္ပာယ်မရှိ ခင်ဗျားငိုနေတာဟာ ဘေးလူတွေကို အနှောင့်အယှက် ဖြစ်တယ်ဗျ။ ခင်ဗျားဘယ်သူလဲဟင်။ ကျွန်တော် ကို ပြောပြစမ်း" ဟု ဆို၏။

"ငါတခြားလူ မဟုတ်ဘူး။ နယ်စားသစ်ပါ မောင်ရယ်။ ဒီနယ်ကိုရောက်ရောက်ချင်း နယ်အခြေအနေကို စုံစမ်းကြည့်ပါတယ်။

mgyoe.com

mgyoe.com


မောင်ပြောတဲ့အတိုင်း မှန်ပါတယ်။ သူပုန်ရန်မရှိတော့ပါဘူး။ နယ်သူနယ်သားတွေမှာလည်း အစားအသောက်တွေ အပြည့်အစုံ ရှိနေပါတယ်။ ဒါပေမဲ့ သူတို့မှာ စိုးရိမ်ထိတ်လန့်စရာ ရန်သူကြီး သုံးဦးရှိနေတာကို စုံစမ်းသိရှိရပါတယ်။ ဒါကြောင့် မောင့်အိမ်ရှေ့မှာ လာငိုနေတာပါကွယ်" ဟူ၍ နယ်စားကြီးက ပြော၏။

"ဒီလိုဆိုရင် ရန်သူကြီးသုံးဦးဆိုတာ ဘယ်သူတွေလဲ။ ကျွန်တော့်ကို ပြောပြစမ်းပါ" ဟု လုလင်ပျိုက ဆို၏။

ဤတွင် နယ်စားကြီးက "ပထမ ရန်သူကြီးဟာ နဂါးကြီးပါဘဲ။ ရွာထိပ်တံတားကြီးအောက်က မြစ်ထဲမှာနေတယ်။ နဂါးကြီး ရန်ကြောင့် ရေလှိုင်းတံပိုးတွေထပြီး လူတွေရော၊ ကျွဲနွား တိရစ္ဆာန်တွေပါ မကြာခဏ ရေနစ်ပြီး သေကျေပျက်စီးကြရတယ်။ ဒုတိယ ရန်သူကြီးကတော့ ကျားဆိုးကြီးပါပဲ။ ကျားဆိုးကြီးဟာ တောစပ်က စောင့်ပြီး လာသမျှလူတွေ တိရစ္ဆာန်တွေကို ကိုက်သတ်လေ့ရှိတယ်။ တတိယ ရန်သူကြီးကတော့ တခြားမဟုတ်ပါဘူး။ နယ်သူနယ်သားတွေအပေါ် အနိုင်ကျင့်စော်ကားနေတဲ့ မောင်ရင်ပါပဲကွယ်" ဟူ၍ ပြောလေသည်။

နယ်စားကြီးက သည်လိုပြောလိုက်သောအခါ လုလင်ပျိုသည် အရှက်ရသွားလေသည်။ သူက ဦးခေါင်းငုံ့လျက် "အို နယ်စားကြီး၊ နယ်စားကြီးဟာ ကျွန်တော်တို့နယ်သားမဟုတ်ပေမယ့် ကျွန်တော်တို့နယ်သားတွေအပေါ် စေတနာထားဖော်ရပါပေတယ်။ ကျွန်တော်ဟာ ဒီနယ်သားတစ်ယောက် ဖြစ်ပါလျက်နဲ့ နယ်သားတွေအပေါ် စေတနာထားဖော် မရခဲ့ဘူး။ သူတို့ စိတ်မချမ်းသာအောင် လုပ်ခဲ့မိတယ်။ အို ကျွန်တော့်လောက် မိုက်မဲတဲ့သတ္တဝါ လူ့လောက

mgyoe.com


မှာ ရှိမယ်မထင်ပါဘူး။ ကျွန်တော့်အမှားကို အခု မြင်ပါပြီ။ ကဲ နယ်စားကြီးအိမ်ကို အေးအေးချမ်းချမ်းသာ ပြန်ပါတော့။ နယ်သားတွေ စိတ်ချမ်းသာမှုရအောင် ကျွန်တော် ဆောင်ရွက်ပါ့မယ်" ဟု ပြောဆိုလေသည်။

ဤသို့ဆိုပြီးလျှင် သူသည် ကျားဆိုးကြီးရှိရာ တောစပ်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေသည်။ ကျားဆိုးကြီးသည် လုလင်ပျိုပြေးလာသည်ကို မြင်သောအခါ ဒေါသအမျက်ချောင်းချောင်းထွက်လျက် ခုန်ပေါက်လိုက်၏။ ထိုအခါ လေမုန်တိုင်းကျသကဲ့သို့ အလား တောတစ်ခုလုံး သိမ့်သိမ့်တုန်သွားလေသည်။ ကျားဆိုးကြီးသည် ခုန်ပေါက်ပြီးသောအခါ ကျယ်လောင်စွာ ဟိန်းလိုက်ပြန်၏။ ထိုနောက် ထက်လှစွာသော ခြေစွယ်၊ လက်စွယ်၊ သွားစွယ်တို့ကို ထုတ်ကာ လုလင်ပျိုကို ခုန်အုပ်လိုက်၏။ ဤတွင် လုလင်ပျိုက လျင်မြန်စွာ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ရာ ကျားဆိုးကြီးသည် လုလင်ပျိုကို မအုပ်မိ၊ မြေကြီးပေါ်သို့ ဘုံးခနဲ ကျသွား၏။ လုလင်ပျိုလည်း ကျားဆိုးကြီးအနီးသို့ လျင်မြန်စွာ ကပ်သွားပြီးလျှင် လက်ဝဲလက်ဖြင့် လည်မျိုကို ညှစ်၏။ လက်ယာလက်ဖြင့် မနားတမ်း ထိုးနှက်၏။ ကျားဆိုးကြီးကလည်း လုလင်ပျိုကို ပြန်ကိုက်၏။ သို့ရာတွင် လုလင်ပျိုက ရှောင်တိမ်းကာ ခါးမှ ဓားလွယ်ကို ထုတ်၍ ထိုးလိုက်၏။ ကျားဆိုးကြီးသည် တစ်ချက်သာ အော်ဟစ်နိုင်ပြီးလျှင် လဲကျသေဆုံးသွားလေသည်။ လုလင်ပျိုလည်း ကျားသေကြီးကို ပခုံးပေါ်၌ထမ်းလျက် အိမ်သို့ ပြန်ခဲ့လေသည်။

ထို့နောက် သူသည် ရွာထိပ်တံတားကြီးဆီသို့ ပြေးသွားပြန်သည်။ ရောက်သော် အဝတ်အစားတို့ကို ချွတ်ပြီးလျှင် မြစ်ထဲသို့

mgyoe.com

mgyoe.com


ခုန်ဆင်း ငုပ်လျှိုးသွား၏။ သူ့လက်ထဲတွင် ဓားကြီးလည်း ပါသွားလေသည်။ ရေအောက်တွင် လုလင်ပျို့နှင့် နဂါးကြီးတို့ တိုက်ခိုက်ကြ၏။ တိုက်ပွဲမှာ ပြင်းထန်လှသဖြင့် မြစ်တစ်ခုလုံး လှိုင်းတံပိုးများ ထကြွလာ၏။ ကြောက်မက်ဖွယ်ရာအသံကြီးများ ပေါ်ထွက်လာ၏။ အတန်ကြာသောအခါ အသံများ ငြိမ်သက်သွား၏။ လှိုင်းတံပိုးများ ငြိမ်သွား၏။ မြစ်ရေသည် သွေးတို့ဖြင့် ခြင်းခြင်းနီသွား၏။ ထိုရေထဲမှ လုလင်ပျို ပေါ်ထွက်လာ၏။ သူ့လက်ထဲတွင် နဂါးသေအကောင်ကြီး အတူပါလာလေသည်။

နောက်တစ်နေ့တွင် လုလင်ပျိုသည် နယ်စားကြီးထံသို့ သွား၏။ ယခုအခါ လုလင်ပျိုသည် ယခင်ကနှင့် လုံးဝ မတူတော့၊ အထူးပြောင်းလဲနေပြီ။ သူသည် ရိုးသားစင်ကြယ်ခြင်းကို ဆောင်သည့် ချည်ထည်အဝတ်အဆင်တို့ကို ဝတ်ဆင်ထား၏။ ကောက်ရိုးဦးထုပ်ကို တည်ငြိမ်စွာ ဆောင်းထား၏။

နယ်စားကြီးကို တွေ့သောအခါ လုလင်ပျိုက "နယ်စားကြီးခင်ဗျား။ နယ်သူနယ်သားတွေကို ရန်မူတဲ့ နဂါးကြီးကိုရော၊ ကျားဆိုးကြီးကိုပါ ကျွန်တော် သတ်ဖြတ်နှိမ်နင်းလိုက်ပါပြီ။ သူတို့ရန်ကို လုံးဝ ကြောက်စရာမလိုတော့ပါဘူး။ နောက်ပြီး ကျွန်တော်တို့လည်း ဒီနယ်က အခုပဲ ထွက်သွားပါတော့မယ်။ နယ်သူနယ်သားတွေကို ပြောပြပါ။ သူတို့ကို ရန်မူတဲ့ နဂါးလည်း မရှိတော့ပါဘူး။ ကျားလည်း မရှိတော့ပါဘူး။ နောက်ပြီး ကျွန်တော်လည်း မရှိတော့ပါဘူးလို့" ဟူ၍ နှိမ့်ချကျိုးနွံစွာ ပြောကြားလေသည်။

ထိုအခါ နယ်စားကြီးက လုလင်ပျို၏ ပခုံးကို ယုယကြင်နာစွာဖက်လျက် "မောင် အမြင်မှန်ရပြီဟာပဲ။ ဒီနယ်က ထွက်သွား

mgyoe.com

mgyoe.com


ဖို့ မလိုပါဘူးမောင်ရယ်” ဟု ပြောဆို တားမြစ်၏။ ထို့နောက် လုလင်ပျိုအား ကျားဆိုးကြီးနှင့် နဂါးကြီးရန်ကို နှိမ်နင်းအောင်မြင်ခြင်းအတွက် ချီးကျူး၏။ ပြီးသော် လုလင်ပျိုကို သူ၏လက်ထောက်အရာရှိအဖြစ် ခန့်အပ်လိုက်လေသည်။

ထိုနေ့မှအစပြု၍ သူတို့နှစ်ဦးသည် အတူတကွ နယ်အနှံ့လှည့်လည်သွားလာကာ နယ်သူနယ်သားအားလုံး၏ ဘေးရန်ကင်းရေး၊ ပျော်ရွှင်ရေး၊ ကြီးပွားတိုးတက်ရေးတို့ကို ပူးပေါင်းကူညီဆောင်ရွက်ပေးလေ၏။

■

တရုတ်ပုံပြင်

mgyoe.com

mgyoe.com

# လှဒေဝီ

ရှေးသရောအခါ တရုတ်ပြည်ကို ဘုရင်တစ်ပါး အုပ်စိုးလေသည်။ ထိုဘုရင်၌ မိဖုရားတစ်ပါးရှိရာ "လှဒေဝီ"ဟု ခေါ်တွင်လေသည်။

လှဒေဝီသည် လွန်စွာ လှပချောမော၏။ သူ၏ မျက်လုံးများသည် ကျောက်မျက်ရတနာကဲ့သို့ တဖိတ်ဖိတ် တောက်ပ၏။ အသားအရေမှာ နူးညံ့လှပေရာ သူဝတ်ဆင်ထားသော ဖဲဝါအင်္ကျီနှင့် တူလှပေသည်။ သူသည် သမ်းဝေသောအခါများ၌ သန္တာရောင်ကဲ့သို့ နီမြန်းသည့် ပါးစပ်ကလေးကို ဖွင့်ဟကာ ပျော့ပျောင်းသော ကိုယ်ကလေးကို ကြောင်မကလေးကဲ့သို့ တွန့်လိမ်တတ်လေသည်။

လှဒေဝီ၌ ထူးခြားချက်မှာ မကြာမကြာ သမ်းဝေတတ်ခြင်းပင် ဖြစ်လေသည်။ အကြောင်းမှုကား သူသည် ဘုရင်နှင့် နေထိုင်ရသည်ကို ပျင်းရိငြီးငွေ့သောကြောင့်ပင်တည်း။ စင်စစ်အားဖြင့်လည်း ဘုရင်သည် ပျော်စရာကောင်းမဲ့သူဖြစ်၏။ သူသည် ရွှင်လန်းခြင်းမရှိ၊ မှိုင်တွေ၍သာ နေလေ့ရှိသည်။ ထို့ကြောင့် မှူးမတ်တို့သည် သူ့ရှေ့မှောက်သို့ရောက်လျှင် မပြုံးရယ်ဝံ့။ ကျာနွေနှင့်သာ နေကြရလေသည်။

mgyoe.com



ဤသို့ဖြစ်ရသည်မှာ ဘုရင့်အပြစ်ဟူ၍ မဆိုထိုက်ပေ။ သူဘုရင်ဖြစ်လာသည့်နေ့ကစ၍ နယ်စွန်နယ်ဖျားတို့မှာ ရန်သူမြင်းတပ်တို့၏ အကြိမ်ကြိမ် ဝင်ရောက်တိုက်ခိုက်ခြင်းကို ခံခဲ့ရလေသည်။ သို့ဖြစ်၍ နေ့စဉ်ပင် သူသည် ရန်သူတို့အား ခုခံတိုက်ခိုက်ရေးကို စစ်သူကြီးများနှင့် ဦးနှောက်အရည်ပျော်ကျမတတ် ဆွေးနွေးတိုင်ပင်၍သာ နေရရှာလေသည်။

mgyoe.com

mgyoe.com


လှဒေဝီကား ထိုအကြောင်းကို အလေးမမူ။ သောကပွေလျက်ရှိသော ဘုရင်အား ဖြေဖျော်နှစ်သိမ့်ပေးရမည့်အစား အခန်းတွင်းမှမထွက်ဘဲ စိတ်ကောက်၍သာ နေတတ်လေသည်။ တစ်နေ့တွင်မူ သူသည် စိတ်ကောက်ရာမှ အဖိုးများစွာ ထိုက်တန်သော ပိုးဝတ်တန်ဆာများကို ဆုတ်ဖြဲပစ်လေသည်။ ဤတွင် ဘုရင်သည်တိုး၍ စိတ်မချမ်းမသာ ဖြစ်မိလေသည်။

ထို့ကြောင့် "လှဒေဝီရယ်၊ စိတ်မကောက်ပါနဲ့ကွယ်၊ ပိုးဝတ်တန်ဆာတွေကို အကြောင်းမဲ့ ဆုတ်ဖြဲပစ်မနေပါနဲ့ကွယ်၊ မောင်တော် တောင်းပန်ပါတယ်" ဟူ၍ ချော့မော့ပြောဆိုသည်။

လှဒေဝီကား စကားတစ်ခွန်းမျှပြန်မပြော။ တစ်ချက်သမ်းဝေပြီးလျှင် ခြေကိုပင် ဆောင့်လိုက်သေးသည်။

ဘုရင်သည် လှဒေဝီကို အမျိုးမျိုးချော့မော့ရှာ၏။ သူသည်မျက်လှည့်ဆရာ၊ ဆပ်ကပ်ဆရာတို့ကို ခေါ်၍ ထူးဆန်းသောအတတ်တို့ကို ပြစေ၏။ စောင်းသမားတို့ကိုခေါ်ကာ သာယာစွာတီးခတ်စေ၏။ ကချေသည်တို့ကိုခေါ်ကာ သိမ့်မွေ့စွာ ကပြစေ၏။ ထိုမျှမက ရွှေငွေရတနာတို့ကိုလည်းကောင်း၊ ပယင်း ဆင်စွယ်တို့ဖြင့် ပြုလုပ်ထားသည့် မိန်းမအသုံးအဆောင်တို့ကို လည်းကောင်း၊ ကုန်သည်တို့ထံမှဝယ်ယူ၍ လှဒေဝီအား ပေး၏။ သို့သော် လှဒေဝီကား မဖြုန်။ စိတ်ကောက်မြဲ ကောက်လျက်သာ ရှိလေသည်။

သို့ဖြင့် နောက်ဆုံး၌ ဘုရင်သည် မအပ်မရာကို ကြံစည်ပြုမူလေတော့သည်။ သူသည် ထိန်ထိန်ညီးညီးတောက်ပလျက်ရှိသော မီးရှူးတိုင်ကိုကိုင်လျက် နန်းတော်မျှော်စင်ပေါ်သို့ တက်သွား၏။

မျှော်စင်ထိပ်၌ကား ကင်းစောင့်တစ်ဦးရှိသည်။ သူသည်

mgyoe.com

mgyoe.com


အဝေးသို့ လှမ်းမျှော်လျက် ရန်သူတို့ကို စောင့်ကြည့်နေ၏။ သူ့အနီးတွင် ထင်းပုံကြီးတစ်ခုကို လောင်စာများထည့်ကာ အသင့်ပြင်ထားလေသည်။ အကယ်၍ ရန်သူများ ချီတက်လာပါက ကင်းစောင့်သည် ထိုထင်းပုံကြီးကို မီးရှို့ကာ ဘုရင့်စစ်သည်တို့အား အချက်ပေးရမည် ဖြစ်လေသည်။ ဘုရင်သည် မျှော်စင်ထိပ်သို့ ရောက်သောအခါ အသင့်ပါလာသော မီးရှူးတိုင်ဖြင့် ထင်းပုံကြီးကို ရှို့လိုက်လေ၏။

ခဏချင်းပင် အသံကျယ်လောင်စွာ မြည်ဟည်းလျက် ထင်းပုံကြီးသည် တစ်ရှိန်ထိုး တောက်လောင်သွားလေသည်။ မီးစွယ်ကြီးများသည် ရေတံခွန်များသဖွယ် လေထဲတွင် လွန့်တက်နေသည်။ မီးလင်းသည်နှင့် တစ်ပြိုင်နက် ပတ်ဝန်းကျင်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွား၏။ စစ်ခရာသံတို့ ကျယ်လောင်စွာ ပေါ်ထွက်လာ၏။ မြို့စား၊ နယ်စား၊ စစ်သူကြီးများသည် များပြားလှသော စစ်သည်တို့ကို ဦးဆောင်လျက် ရဲတိုက်အသီးသီးမှ ထွက်လာကြလေသည်။

သူတို့သည် ရန်သူများချီတက်လာပြီ ထင်မှတ်သောကြောင့် ခုခံတိုက်ခိုက်ရန် အလျင်အမြန် ချီတက်လာကြလေသည်။ အချို့ခြေလျင်ချီတက်လာ၏။ အချို့မြင်းစီးလျက် ချီတက်လာ၏။ အချို့စစ်ရထားများကို အပြင်းမောင်းနှင် ချီတက်လာ၏။ စစ်အလံကြီးများသည် လေထဲ၌ တလူလူလွင့်နေ၏။ ဓား၊ လှံတို့သည် နေရောင်တလက်လက် တောက်ပြောင်နေ၏။

ထိုအခြင်းအရာကို တွေ့သောအခါ လှဒေဝီသည် ချက်ချင်းစိတ်ကောက်ပြေသွား၏။ သူသည် ပြတင်းဝမှ ထွက်လျက် စစ်

mgyoe.com

mgyoe.com


သည်တို့အား ပျော်ရွှင်စွာ ကြည့်ရှုနေ၏။ စစ်သည်အပေါင်းလည်း မြစ်ရေများ တသွင်သွင် စီးဆင်းနေဘိအလား နန်းတော်သို့ ဦးစိုက် ချီတက်လာကြလေသည်။

သူတို့သည် နန်းတော်ရှေ့သို့ ရောက်၍ အားလုံးစုရုံးမိကြသောအခါ ရန်သူတို့ကို ချီတက်တိုက်ခိုက်ရန် အစီအစဉ်များပြုကြ၏။ အချို့စစ်သည်တို့သည် ရန်သူတို့နှင့် ရင်ဆိုင်တွေ့ပြီထင်မှတ်ကာ စစ်သူကြီးတို့၏ အမိန့်ကိုမစောင့်ဘဲ မီးကျည်၊ မီးပန်းများကို ပစ်ဖောက်ကြလေသည်။ ထိုအခါ မြင်းတို့သည် လန့်ဖျပ်ကာ ရှေ့သို့အတင်းချီတက်ရာ အနီးအနားမှ လူများကို နင်းကျော်မိ၏။ အချို့ ဒဏ်ရာရကြ၏၊ အချို့ သေကြ၏။

မြို့စား၊ နယ်စား စစ်သူကြီးများသည် မြင်းကို ကဆုန်ဆိုင်းစီးလျက် နန်းတော်ဝင်းတွင်းသို့ ဝင်လာကြ၏။ သူတို့အားလုံး လေးမြားတို့ကို ကိုင်ဆောင်ထားကြသည်။ သူတို့သည် ကြေးနီဖြင့် လုပ်သော စစ်ခမောက်ကို ဆောင်းလျက် ပေါင်ရင်းအထိရောက်သော သားရေဖိနပ်ရှည်ကြီးများကို စီးကာ စစ်ဝတ်တန်ဆာများကို ကျနစွာ ဝတ်ဆင်ထားကြလေသည်။ နန်းတော်တံခါးဝသို့ ရောက်သောအခါ သူတို့သည် မြင်းဇက်ကို သတ်လျက် ဘုရင်ထွက်အလာကို စောင့်ဆိုင်းနေကြလေသည်။ အခါတိုင်းမူ ဘုရင်သည် ဤနေရာမှ ထွက်လာကာ သူတို့အား ဦးဆောင်လျက် ရန်သူတို့ကို ချီတက်တိုက်ခိုက်မြဲ ဖြစ်လေသည်။

ယခုအကြိမ်၌ကား ဘုရင်သည် ထွက်ပေါ်မလာ။ မိမိ၏ မိုက်မဲသော အပြုအမူအတွက် မျက်နှာမပြဝံ့ဖြစ်နေသည်။ သူသည် စိတ်မချမ်းမြေ့စွာဖြင့် နန်းတော်ထောင့်တစ်ထောင့်၌ ထိုင်မှိုင်နေလေသည်။

mgyoe.com

mgyoe.com


ထိုအခါ လှဒေဝီသည် ပြတင်းပေါက်မှ ကိုယ်တစ်ပိုင်းထွက်ပြီးလျှင် "ရှင့် စစ်သူကြီးတို့၊ အသာကလေး အိမ်ပြန်ပြီးသာ အေးအေးနေကြပါ။ ရန်သူချီတက်မလာပါဘူးရှင့်"ဟု လှမ်းပြောလိုက်လေသည်။

"ရန်သူ ချီတက်မလာဘူး ဟုတ်စ"

"ဟုတ်ရဲ့လား၊ ရန်သူ ချီတက်မလာဘူးဆိုတာ"

ဤသို့ဆိုရာမှ မြို့စား၊ နယ်စား စစ်သူကြီးတို့သည် တစ်ဦးမျက်နှာတစ်ဦး လှည့်ကြည့်ကြသည်။ မြင်းတို့လည်း သခင်လှည့်ရာအရပ်သို့ လိုက်၍ ဦးလှည့်ရာ လည်တွင်ဆွဲထားသော ခေါင်းလောင်းတို့သည် ကျယ်လောင်စွာ မြည်ဟည်းသွားကြလေသည်။

"နို့- မျှော်စင်ပေါ်က အချက်ပြမီးကတော့ လင်းလို့ပါကလား"

"ကျုပ်တို့အားလုံး မီးကို သေသေချာချာ မြင်လိုက်ရတာပဲ"

ဤသို့ဆိုပြီးလျှင် စစ်သူကြီးများက "ဘုရင်မင်းမြတ်ဟာ ရန်သူလာတဲ့အတွက် မီးထွန်းအချက်ပြတယ်မဟုတ်လား" ဟူ၍ မေးလိုက်၏။

လှဒေဝီက ရယ်လိုက်ကာ "ဟိုတုန်းက ဟုတ်ခဲ့ပေမယ့် အခုဟာက တကယ်မဟုတ်ဘူးရှင့်။ ဘုရင်က ရှင်တို့ကို နောက်ပြောင်လိုက်တာရှင့်" ဟု ဆိုလိုက်၏။

မြို့စား၊ နယ်စား၊ စစ်သူကြီးတို့သည် ဘုရင်ကို လွန်စွာချစ်မြတ်နိုးကြသည်။ လှဒေဝီစကားကို ကြားရသောအခါ သူတို့သည် အထွေအထူး မပြောတော့ဘဲ ဆိတ်ငြိမ်စွာ လှည့်၍ ပြန်သွားကြလေသည်။ ထိုအခါ လှဒေဝီသည် သူတို့ကို ပြောင်လှောင်ရယ်မောလေသည်။ စစ်သည်တော်တို့ တစ်စုပြီးတစ်စု ထွက်ခွာ

mgyoe.com

mgyoe.com


သွားကြသည်အထိ လှဒေဝီသည် ကိုယ်ကို ယိမ်းထိုးပြီးလျှင် မျက်လုံးများကို မှိတ်ကာ ဝမ်းသာအားရ ရယ်မောလေသည်။ နောက်ဆုံး စစ်သည်တစ်ဦးမျှ မရှိသောအခါတွင်မှ အရယ်ရပ်ကာ ဘုရင့်ထံ ချဉ်းကပ်သွားလျက် "မောင်တော်ရေ ... မောင်တော်ဟာ အခုမှပဲ နှမတော်ကို ဖြေဖျော်တတ်တော့တယ်။ ကြည့်စမ်းပါဦး ရန်သူ ချီတက်မလာဘူးလည်းဆိုရော သူတို့လေ မျက်နှာပျက် သွားလိုက်ကြတာ ဘယ်လောက်များ ရယ်စရာကောင်းလိုက်သလဲ လို့။ ဒီလောက် ပျော်စရာကောင်းတဲ့အလုပ်ကို မောင်တော်က အခု မှပဲ လုပ်ပြတော့တယ်နော်" ဟု ပြော၏။

မိန်းမမိုက်၏ တန်ဖိုးမရှိသောစကားကို ကြားရသောအခါ ဘုရင်သည် လွန်စွာ ရှက်ကြောက်မိလေသည်။

နောက်တစ်နေ့ ညီလာခံသို့ ရောက်သောအခါ ဘုရင်သည် မြို့စား၊ နယ်စား၊ စစ်သူကြီးများ၏ တည်ငြိမ်သော မျက်နှာတို့ကို မကြည့်ဝံ့အောင် ဖြစ်နေသည်။ နောက်ဆုံး၌မူ သူက နောက်ထပ် ဤသို့ပြုတော့မည်မဟုတ်ကြောင်း ကတိပြု ပြောဆိုလေသည်။

သို့သော် ရက်ပေါင်း အတန်ကြာသောအခါတွင် လှဒေဝီ သည် မကြည်မသာဖြစ်လာပြန်သည်။ သူသည် ဘုရင့်အနီးသို့ ကပ်လျက် အချက်ပြမီးကို ရှို့ညှိပါရန် ပူဆာလေသည်။ ဘုရင် မိုက်လည်း လှဒေဝီအလိုကိုလိုက်ကာ ဒုတိယအကြိမ်မြောက် အချက်ပြမီးကို ရှို့လိုက်ပြန်လေသည်။

ဤအကြိမ်၌လည်း စစ်သည်တော်တို့သည် ဝိုင်းဝန်းလာကြ ပြန်သည်။ သို့သော် ရန်သူမလာဘဲ အကြောင်းမဲ့ အချက်ပေး သည်ကို သိသောအခါ စစ်သူကြီးတို့သည် မျက်မှောင်ကြုတ်ကာ

mgyoe.com

mgyoe.com


တပ်ဆုတ်၍ ပြန်သွားကြလေသည်။ သို့ ပြန်သွားရာမှ ဘုရင်သည် သူတို့အား အရူးမလုပ်သင့်ကြောင်း သူတို့အချင်းချင်း ပြောဆို သွားကြလေသည်။

မည်သို့ပင်ဖြစ်စေ လှဒေဝီ၏ ပူဆာမှုကြောင့် ဘုရင်မိုက်သည် တတိယအကြိမ်မြောက် အချက်ပြမီးကို ရှို့ရပြန်လေပြီ။ ထိုအခါ မြို့စား၊ နယ်စား၊ စစ်သူကြီးတို့သည် ကိုယ်စားလှယ် အဖြစ် အသက်အရွယ်ကြီးသော စစ်သူကြီးတစ်ဦးကို ရွေးချယ်ကာ ဘုရင့်ထံ စေလွှတ်ကြလေသည်။

စစ်သူကြီးသည် ဘုရင့်ထံ ချဉ်းကပ်ပြီးလျှင် "အရှင့်သား၊ အချက်ပြမီးကို ရန်သူမလာဘဲ မရှို့ဖို့ ကျွန်တော်မျိုးတို့ ရိုသေစွာ တောင်းပန်ပါတယ်။ အရှင့်သားဟာ တိုင်းပြည်အကျိုးကို ဆောင်ရွက်သူဖြစ်တယ်ဆိုတာ အားလုံးအသိပါပဲ။ ဒါပေမဲ့ နန်းတော်ထဲမှာ အရှင့်သားကို မလိုတဲ့ မှူးမတ်တချို့တော့ ရှိနေပါတယ်။ အချက်ပြမီးကို အကြောင်းမဲ့ ရှို့တာဟာ သူတို့အတွက် အကောက်ကြံဖို့ လမ်းဖွင့်ပေးသလို ဖြစ်နေပါတယ်။ ကျွန်တော်မျိုးတို့အဖို့မှာလည်း အကြောင်းမဲ့ ချီတက်လာရတာကို ရှက်ကြောက်မဆုံး ဖြစ်နေကြပါတယ်" ဟူ၍ လျှောက်ထားတောင်းပန်လေသည်။

"ကောင်းပြီ။ နောက်ထပ် အကြောင်းမဲ့ ငါ မီးမရှို့တော့ပါဘူး။ ငါ သစ္စာပြုပါတယ်။ စိတ်အေးအေးသာ ထားပြန်ကြပါ"

ဟူ၍ ဘုရင်က ဆိုပြီးလျှင် စစ်သူကြီးကို လက်ဆောင်များ ပေးကာ ပြန်လွှတ်လိုက်လေသည်။

စစ်သူကြီးနှင့် တွေ့ဆုံပြီး နောက်တစ်နေ့တွင် ဘုရင်နှင့် လှဒေဝီတို့ ပွဲတော်တည်နေကြ၏။ ထိုအခိုက် မျှော်စင်ပေါ်မှ ကင်း

mgyoe.com

mgyoe.com


စောင့်သည် ဘုရင့်ထံ ပြေးဆင်းလာလေသည်။

"အရှင် ရန်သူတွေ ချီတက်လာနေပြီ"

"ဘယ်မှာတုံး မောင်မင်း"

"တောင်ကြားလမ်းတစ်လျှောက် ဖြတ်ပြီး ချီတက်လာနေပါတယ်အရှင်။ ရန်သူ့အင်အား အလွန်ကြီးမားလှပါတယ်။ မြေပြင်တစ်ခုလုံး သူတို့ရဲ့ အညိုရောင် စစ်ဝတ်တန်ဆာတွေပဲ ဖုံးလွှမ်းနေပါတယ်အရှင်"

"ကောင်းပြီ။ အချက်ပြမီးကို ရှို့လိုက်စမ်း မောင်မင်း"

ဘုရင်သည် ကင်းစောင့်ကို ဤသို့ အမိန့်ပေးပြီးလျှင် လှဒေဝီဘက်သို့လှည့်ကာ "မကြောက်နဲ့နော် လှဒေဝီ၊ မောင်တော်တို့အတွက် မြို့စား၊ နယ်စားနဲ့ စစ်သူကြီးတွေက ကာကွယ်တိုက်ခိုက်ပေးလိမ့်မယ်" ဟု ပြောလိုက်လေသည်။

ကင်းစောင့်သည် အချက်ပြမီးကို ရှို့၏။ နန်းတွင်းရှိ အစောင့်များကလည်း စစ်ခရာများကို ကျယ်လောင်စွာ မှုတ်ကြ၏။ သို့သော် မြို့စား၊ နယ်စား၊ စစ်သူကြီးတို့နှင့်တကွ စစ်သည်တို့ကား လုံးဝ ပေါ်မလာကြ။ သူတို့သည် လှဒေဝီ၏ ရယ်မောပြောင်လှောင်ချက်ကို မမေ့ကြ။ ဤအကြိမ် အချက်ပြမီးကို ရှို့ခြင်းမှာလည်း သူတို့အား အရူးလုပ်ရန် ရှို့ခြင်းပင်ဖြစ်မည်ဟု ယူဆကာ ထွက်မလာဘဲ ရှိကြလေသည်။

ဘုရင်သည် သူ၏ အမှားကို သိရှိရလေပြီ။ သို့သော် နောက်ကျခဲ့လေပြီတကား။ ရန်သူ့တပ်မှ မြင်းခွာသံတို့သည် မိုးကြိုးသံကဲ့သို့ ကျယ်လောင်စွာ ပေါ်လာလေသည်။ ဘုရင်သည် လှဒေဝီကို ပွေ့ချီပြီးလျှင် မျှော်စင်သို့ ပြေးတက်သွားလေသည်။ မျှော်စင်

mgyoe.com

mgyoe.com


ထိပ်သို့ ရောက်သောအခါ အစောင့်တို့အား မျှော်စင်တံခါးကို ပိတ်လိုက်စေ၏။ ထို့နောက် သူသည် လှဒေဝီကို ပွေ့ချီထားရင်း မီးပုံကြီးထဲသို့ ခုန်ဆင်းလိုက်လေ၏။

ရန်သူတို့ နန်းတော်တံခါးဝသို့ ရောက်လာသောအခါ၌ကား ဘုရင်မိုက်နှင့် မိဖုရားမိုက် လှဒေဝီတို့နှစ်ဦးသည် မီးလောင်၍ သေဆုံးနေလေပြီ။

■

တရုတ်ပုံပြင်

mgyoe.com

mgyoe.com

# အနုပညာရှင်

ပန်းချီဆရာကြီး ဟန်ကန်သည် ဘုရင့်နန်းတော်မှ အားလုံးသော ပန်းချီဆရာတို့အထဲတွင် အကျော်စောဆုံးဖြစ်၏။ သူ ပန်းချီဆွဲသည်ကို မင်းညီမင်းသားနှင့် မှူးမတ်အရာရှိတို့သည် အနီးမှ ရပ်လျက် အံ့ချီးစွာ ကြည့်ရှုတတ်ကြသည်။ ရှေးဦးစွာ သူသည် အကျီလက်မောင်းတို့ကို ပင့်တင်ပြီးလျှင် ကြွေခွက်တွင်းမှ စုတ်တံကို ရွေးနုတ်ယူလိုက်သည်။ ထို့နောက် ပိုးစပေါ်တွင် အရုပ်များကို နူးညံ့သော စုတ်ချက်တို့ဖြင့် သွက်လက်စွာ ရေးဆွဲလေသည်။ သူရေးဆွဲသော အရုပ်များတွင် သစ်ပင်ပုံလည်း ပါသည်၊ ရေတံခွန်ပုံလည်း ပါသည်၊ ပြေးနေသော မြင်းပုံလည်း ပါသည်။ ထိုပုံတို့မှာ ပကတိအရာတို့နှင့်မခြား ထပ်တူထပ်မျှ တူညီလှပေသည်။

လောက၌ ဟန်ကန်အဖို့ ပန်းချီဆွဲခြင်းမှလွဲ၍ ဘာကိုမျှ အမှုမထားပေ။ သို့ ပန်းချီဆွဲရာ၌လည်း သူသည် မြင်းရုပ်များကို အထူးအာရုံစိုက်၍ ရေးဆွဲခဲ့လေသည်။ ခုန်ပေါက်ပြေးလွှားနေသော မြင်းပုံကို ဖြစ်စေ၊ ကကြိုးတန်ဆာတို့ဖြင့် ငြိမ်သက်စွာ ရပ်နေသော မြင်းပုံကိုဖြစ်စေ သူသည် ထိုသတ္တဝါတို့၏ နှလုံးသားသို့တိုင်

mgyoe.com

mgyoe.com




ထိုးဖောက်သိမြင်ဘိအလား အသက်ပါအောင် ရေးဆွဲနိုင်စွမ်းရှိလေသည်။

ဘုရင်သည် ဟန်ကန်အား သူ၏ စစ်မြင်းများကို ပုံတူ ရေးဆွဲခိုင်းလေ့ရှိသည်။ မကြာမကြာလည်း သူကိုယ်တိုင် ဟန်ကန် ပန်းချီဆွဲသည်ကို လာ၍ ကြည့်ရှုတတ်သည်။

တစ်နေ့တွင်မူ သူက–

"ဒီမယ် ဟန်ကန်၊ မောင်မင်း ကျုပ်မြင်း'လိုချိန်'ကြီးရဲ့ ပုံကို ဆွဲတာ လည်တံက ရှည်လွန်းအားကြီးတယ်။ ပြီးတော့ လည်ပင်းကလည်း တုတ်အားကြီးတယ်" ဟု ဝေဖန်ပြောဆိုလေသည်။

အနီးရှိ မှူးမတ်တို့ကား ငြိမ်သက်စွာဖြင့် ငုပ်လျှိုး၍ ရပ်နေကြသည်။ ဟန်ကန်သည် ဘုရင့်မျက်နှာကို တည်ငြိမ်စွာ စူးစိုက်

mgyoe.com

mgyoe.com


ကြည့်လိုက်ပြီးလျှင်–

"အရှင်၊ ကျွန်တော်မျိုးမှာ အရှင့်ထက် ပိုပြီးတတ်တဲ့ ဆရာပေါင်း တစ်ထောင်ကျော်ရှိပါတယ်" ဟု ပြောလိုက်သည်။

ချက်ချင်းပင် ဘုရင့်မျက်နှာသည် ဒေါသကြောင့် ညိုမှိုင်းသွားသည်။ သို့သော် သိလိုဇောပြင်းပြလှသဖြင့် ဒေါသကို မျိုသိပ်ထားရသည်။

"မောင်မင်းမှာ ဆရာတစ်ထောင်ရှိတယ်၊ ဟုတ်စ။ ဆရာတွေဟာ ဘယ်သူတွေလဲ၊ သူတို့ ဘယ်မှာနေသလဲ"

"ကျွန်တော်မျိုးရဲ့ ဆရာတွေကို တွေ့ရအောင် ကျေးဇူးပြုပြီး ကျွန်တော်မျိုးနောက်ကို လိုက်ခဲ့ပါလားအရှင်"

ဟန်ကန်သည် ဤသို့ဆိုပြီးလျှင် နောက်ထပ်၍ စကားတစ်ခွန်းမျှမဆို၊ ဘုရင်အား ဘုရင်၏ မြင်းများထားရာ မြင်းဇောင်းသို့သာ ခေါ်ဆောင်သွားလေသည်။ သူသည် မြင်းဇောင်းများကို တစ်ခုပြီးတစ်ခု လှည့်ပတ်ပြီးလျှင် မြင်းတို့၏ ကျောနှင့် လည်ဆံမွေးတို့ကို လက်ဖြင့် အသာအယာ သပ်၍ ပေးသည်။ သို့ သပ်၍ပြီးမှ သူက "အရှင် ဒီမြင်းတွေဟာ ကျွန်တော်မျိုးရဲ့ ဆရာတွေပါပဲ" ဟု ဘုရင့်အား လှမ်း၍ ပြောသည်။ သူသည် အိတ်ထဲတွင် အသင့်ပါလာသော ဝါးရွက်နုနှင့် ဆီးသီးများကို ထုတ်၍ မြင်းတို့အား ကျွေးလေသည်။ ထောင်ပေါင်းများစွာသော မြင်းတို့လည်း မိတ်ဟောင်းကျွမ်းဟောင်းကို တွေ့ဘိအလား လည်ကို မော့၍ ဝမ်းမြောက်ဝမ်းသာ ဟီကြလေသည်။

ဘုရင်မှာ အတန်ငယ် ပညာရှိသူဖြစ်သည်။ ထို့ကြောင့် ဒေါသကို ဖြေဖျောက်လျက် "ဒီလိုဆိုတော့လည်း မင်းပြောတာ

mgyoe.com

mgyoe.com


ဟုတ်ပါကလား။ ဒါပေမဲ့ ပန်းချီအတတ်ကို မြင်းတွေဆီက သင်ယူတယ်ဆိုတာတော့ ကိုယ်တော်မြတ် မစဉ်းစားတတ်အောင်ပဲ။ မောင်မင်း ဘယ်လိုများ ပန်းချီအတတ်ကို မြင်းတွေဆီက သင် သလဲ ဆိုစမ်းပါဦး"

"အရှင် ကျေးဇူးပြုပြီး ကျွန်တော်မျိုးနဲ့အတူ လမ်းလျှောက် ပြန်ပါလား။ လမ်းလျှောက်ရင်း ကျွန်တော်မျိုးအကြောင်း အရှင့်ကို လျှောက်ထားပါ့မယ်"

× × ×

လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ထမင်းဆိုင်တစ်ဆိုင်တွင် အလွန်ဆင်းရဲသော သူငယ်ကလေးတစ်ဦးရှိ၏။ သူ့အမည်မှာ ဟာန်ကန်ဟု ခေါ်လေသည်။ သူသည် စားပွဲထိုးအလုပ်ကို လုပ်ကိုင်ရ၏။ ထမင်းဆိုင်သို့ လာရောက်ကြသောသူအပေါင်းတို့ စားသောက်ရန်အတွက် သူသည် စားသောက်ဖွယ်ရာများနှင့် အရက်တို့ကို ချပေးရ၏။ ထို့နောက် ကျသင့်သော ငွေကို ရေ၍ ယူရ၏။

အလုပ်မှာ အေးချမ်းခြင်းမရှိ၊ အလွန်တရာလည်း ပင်ပန်းသည်။ သို့သော် လူငယ်ကလေးကား လွန်စွာ ပျော်ရွှင်လျက်ရှိ၏။ အကြောင်းမူကား ထမင်းဆိုင်သို့ လူအမျိုးမျိုးတို့ လာရောက်စားသောက်လေ့ရှိရာ ထိုလူပေါင်းစုံ၏ မျက်နှာရိပ်မျက်နှာကဲနှင့် အမူအရာတို့ကို ကောင်းစွာ ကြည့်ရှု အကဲခတ်နိုင်သောကြောင့် ဖြစ်သည်။

သူသည် လူအများ၏ မျက်နှာရိပ်မျက်နှာကဲ အမူအရာတို့အား ကြည့်ရှုရသည်ကို လွန်စွာ နှစ်သက် သဘောကျသည်။

mgyoe.com

mgyoe.com


အလုပ်သမားတို့သည် နေစောင်းသဖြင့် အလုပ်မှ ပြန်လာကြသော အခါ ထမင်းဆိုင်သို့ ဝင်ရောက်တတ်ကြ၏။ ဟန်ကန်သည် ထို သူတို့၏ ကျယ်ပြန့်သော ရင်အုပ်ကြီးများနှင့် အဝတ်ကင်းမဲ့သည့် ညိုသော လက်မောင်းအိုးကြီးတို့ကိုလည်းကောင်း၊ တုတ်ခိုင် သောခြေသလုံးကြီးများကိုလည်းကောင်း လွန်စွာ သဘောကျ၏။ ထို့ပြင် ဆိုင်ရှေ့တွင် အလုပ်သမားများ ခေတ္တထားခဲ့သော နွားကြီး များကိုလည်း လွန်စွာ နှစ်သက်၏။

တစ်ခါတစ်ရံ ဆိုင်ဝတွင် ဝေါယာဉ်ရပ်ပြီးနောက် ဝေါယာဉ် ပေါ်မှ ဘုရင့်အရာရှိတစ်ဦး ဆင်းလာတတ်သည်။ သူသည် ရွှေ ချည်ဖြင့် ကြယ်ပွင့်နှင့် လိပ်ပြာရုပ်များ ထိုးထားသော ဝတ်ရုံနီကြီး ကို ဝတ်ဆင်ထားသည်။ ဟန်ကန်သည် သူ့ကို စူးစိုက်၍ ကြည့် မိတတ်သည်။ ထို့နောက် အကောင်းဆုံးဝိုင်အရက်တစ်ခွက်ကို ယူ၍ ရိုသေစွာ သွားရောက်ပေးအပ်လေသည်။

ထမင်းဆိုင်သို့လာသည့်သူများအထဲတွင် ဟန်ကန် သဘော ကျသည့် အခြားပုဂ္ဂိုလ်တစ်ဦးလည်း ရှိသေးသည်။ သူ့ကိုမူ ဟန် ကန် သဘောအကျဆုံးဖြစ်သည်။ သူသည် အရပ်မြင့်သည်၊ အဝတ် အစားကိုမူ မသေမသပ် ဝတ်ဆင်သည်။ ဆိုင်သို့ သူသည် အစဉ် လာလေ့ရှိသည်။ လာသည့်အခါတွင်လည်း မီးလင်းဖိုအနီးရှိ ထောင့်တစ်ထောင့်တွင် အမြဲထိုင်တတ်သည်။ ထိုသူကား အခြား မဟုတ်၊ အလွန် ထင်ရှားကျော်စောသည့် ပန်းချီဆရာကြီး ဝမ်ဝေ ပင်တည်း။ ဟန်ကန်သည် တစ်နေ့တွင် ပန်းချီဆရာတစ်ယောက် ဖြစ်လာရန် တစ်ယောက်တည်း ကျိတ်၍ စိတ်ကူးယဉ်နေသူဖြစ် သည်။ ထို့ကြောင့် ဝမ်ဝေ၏ အပြုအမူတို့ကို ရိုသေလေးစားစွာ

mgyoe.com

mgyoe.com


ဖြင့် အစဉ် အကဲခတ်၍ ကြည့်ရှုလေသည်။

ဝမ်ဝေသည် အရက်ဖိုးငွေများကို ကြိမ်ဖန်များစွာပင် မပေးဘဲ ထားတတ်သည်။ ဆိုင်ရှင်သည် ဝမ်ဝေမပေးဘဲထားသည့် ငွေများကို ကြွေးစာရင်း၌ အစဉ်မှတ်ထားလေ့ရှိသည်။ သို့ဖြင့် ကာလအတန်ကြာသော် ကြွေးစာရင်းတစ်ခုလုံး ကြွေးများဖြင့် ပြည့်နှက်လာလေသည်။ ထို့ကြောင့် တစ်နေ့တွင် ဝမ်ဝေကို ဆိုင်ရှင်က ကြွေးတောင်းလေသည်။

"လူကြီးမင်းခင်ဗျာ၊ လူကြီးမင်းအပေါ် တင်ရှိနေတဲ့ ကြွေးစာရင်းတွေကို တွက်ပြပါရစေခင်ဗျာ"

"ဘာကွ ကြွေးစာရင်းတဲ့လား"

ဝမ်ဝေသည် မိတ်ဆွေပန်းချီဆရာတစ်ဦးနှင့် စကားလက်ဆုံကျနေရာမှ လှမ်းအော်လိုက်လေသည်။ အခြားစားပွဲမှ ဧည့်သည်များလည်း လက်တွင်းရှိ တူများကို အသာချကာ သူတို့နှစ်ဦးစကားပြောနေသည်ကို နားစိုက်ထောင်နေကြသည်။

"ဟုတ်ပါတယ်၊ ကြွေးစာရင်းပါခင်ဗျာ။ ကျွန်တော်တို့ဆိုင်မှာ လူကြီးမင်း အရက်သုံးဆောင်ပြီး မပေးဘဲထားတဲ့ရက်ပေါင်း၊ လပေါင်းများစွာက တင်ရှိလာတဲ့ ကြွေးတွေပါ။ လူကြီးမင်း တစ်ပြားမှ မဆပ်ရသေးပါဘူးခင်ဗျာ"

"ဟေ့ ဘာဆိုင်လို့ ငါက ဒီအကြွေးတွေကို ဆပ်ရမှာလဲကွ"

ဝမ်ဝေသည် အဖော်ပန်းချီဆရာနှင့် စကားပြောနေသည်ကို ဝင်၍ မနှောင့်ယှက်စေလိုသောသဘောဖြင့် လှမ်းကာ ပြောလိုက်သည်။ ဆိုင်ရှင်ကမူ ဆက်၍ တောင်းခံမြဲ တောင်းခံသည်။

"လူကြီးမင်းခင်ဗျာ။ တခြားသူတွေလည်း ဒီလိုပဲ ကြွေးရှိ

mgyoe.com

mgyoe.com

ပြီး ပြန်ဆပ်ရပါတယ်"

"ဟော့ ငါက တခြားလူတွေပေးတိုင်း လိုက်ပေးရမလား။ ငါက ပန်းချီဆရာကွ။ ဘာလို့ ငွေစပေးရမှာလဲ။ ငွေစအစား ပန်းချီကားတစ်ချပ်လောက် ဆွဲပေးလိုက်ရင် ပြီးတာပဲ"

"ကျွန်တော်က သူဆင်းရဲပါခင်ဗျာ။ ပန်းချီကား အလိုမရှိပါဘူး။ ငွေစပဲ လိုချင်ပါတယ်"

"အောင်မယ် ငါ့ရဲ့ ပန်းချီကားအလှက ငွေစကို လဲယူနိုင်တာပဲ။ တော်ကွာ ရှည်လှတယ်။ မင်းကိုငါ ဘာမှ မပေးတော့ဘူးဟော့၊ မပေးတော့ဘူး"

"ဝမ်ဝေသည် စိတ်ဆိုးလာသည်။ သူသည် လက်ကိုင်တုတ်ကိုယမ်းလျက် ဆိုင်ထဲမှ ဒေါသတကြီးနှင့် ထွက်သွားသည်။ သူ့လက်ကိုင်တုတ်ဖြင့် တိုက်မိသဖြင့် စားပွဲပေါ်မှ အရက်ခွက်တစ်ခွက်မှာ အောက်သို့ကျကွဲသွားလေသည်။ အနီးမှ လူများလည်း သူ့ကို အံ့ဩစွာဖြင့် ငေးစိုက်ကြည့်နေလေသည်။

ဝမ်ဝေမရှိသဖြင့် ဆိုင်ရှင်သည် ရဲတင်းလာသည်။ ထို့ကြောင့် သူသည် ဟန်ကန်ကို ပျာပျာသလဲ လှမ်းခေါ်ကာ "ဟန်ကန်သူ့နောက်လိုက်စမ်း၊ သူ့နောက်လိုက်စမ်း"ဟုပြောလိုက်သည်။ ထို့နောက် သူကဆက်၍–

"ဟန်ကန်၊ ဝမ်ဝေနောက်လိုက်ပြီး ပိုက်ဆံတောင်းစမ်း၊ မရမချင်း မပြန်နဲ့၊ သူဘယ်လိုပြောပြော သူ့အိမ်တံခါးဝမှာထိုင်ပြီး မရရအောင်တောင်းခဲ့။"

"သခင်ဖြစ်ပါ့မလား..."

"ဟော့ လိုက်ဆို လိုက်စမ်းကွာ"

mgyoe.com

mgyoe.com


ဟန်ကန်၏ စကားမဆုံးမီ ဆိုင်ရှင်က ဟန်ကန်ကို ဆိုင်တွင်းမှ တွန်း၍ ထုတ်လိုက်သည်။

ဟန်ကန်လည်း ပြေး၍ လိုက်ရှာ၏။ မကြာမီ ရှေ့လှမ်းလှမ်းတွင် လမ်းသွားလမ်းလာတို့အထဲဝယ် အရပ်အမြင့်ဆုံးဖြစ်သည့် ဝမ်ဝေကို တွေ့ရသည်။ ဝမ်ဝေသည် လက်ကိုင်တုတ်ကို ဝှေ့ယမ်းလျက် လျင်မြန်စွာလျှောက်သွားသည်။ ထို့ကြောင့် သူ့ကို ဟန်ကန်မမှီမီ သူသည် သူ့အိမ်၏ ဝန်းခြံတွင်းသို့ဝင်ရောက်ပြီး ဖြစ်နေလေသည်။ သူသည်ခြံတံခါးဝကို ကြမ်းတမ်းစွာ ပြန်၍ ပိတ်ပြီးလျှင် အထဲသို့ ဝင်သွားလေသည်။

ဟန်ကန်အဖို့ကား ထိုတံခါးရှေ့တွင် စောင့်နေရန်မှလွဲ၍ ဘာမျှမတတ်နိုင်။ ထို့ကြောင့် သူသည် ဝန်းခြံကိုမှီကာ မြေပေါ်တွင် ထိုင်၍ စောင့်နေလေသည်။ အချိန်မှာ မွန်းတည့်ချိန်ဖြစ်သည်။ နေရောင်သည် ဝန်းခြံပေါ်သို့ ထိုးစိုက်ကျနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လှသည်။ ခြံတွင်းရှိ ဆီးတော်ပင်မှ ဆီးတော်သီးများသာလျှင် ဟန်ကန်ခြေရင်းသို့ ကြွေကျလာကြလေသည်။

ထိုအခိုက် မြင်းခွာသံများနှင့် ချူသံများ ရုတ်တရက်ပေါ်လာသည်။ ဟန်ကန်လည်း ကမန်းကတန်း မတ်တတ်ထလိုက်သည်။ သူ့ရှေ့မှ ဘုရင်မြင်းတပ်တစ်တပ်သည် ဖြတ်ကျော်သွားလေပြီ။ မြင်း၏လည်ဆံမွေးတို့မှာ များစွာနုစ်သက်စဖွယ် ကောင်းလှ၏။ မျက်လုံးညိုကြီးများနှင့် အမွေးအမှင်တို့မှာလည်း လွန်စွာတောက်ပြောင်လှသည်။ ဟန်ကန်သည် ထူးခြားသည့် ထိုသတ္တဝါတို့ကို မျက်စိတစ်ဆုံး ငေးစိုက်ကြည့်မိသည်။

ဟန်ကန်အဖို့ သူ့မျက်စိအောက်မှ မြင်းများ ပျောက်ကွယ်

mgyoe.com

mgyoe.com


သွားသော်လည်း စိတ်အာရုံတွင်း၌ကား ပျောက်ကွယ်သွားခြင်း မရှိ။ ထို့ကြောင့် သူသည် ဒူးထောက်ထိုင်ချလိုက်ပြီးလျှင် မြေပေါ်၌ မြင်းရုပ်ကို တုတ်ချောင်းကလေးဖြင့် ရေးဆွဲလေတော့သည်။ ပထမ ရေးဆွဲရသည်မှာ ခက်ခဲလှသည်။ သူသည် ချက်ချင်း ဖျက်ပစ်ရသည်။ ထို့နောက် မြေကိုညှိကာ တစ်ဖန် ပြန်၍ဆွဲသည်။ သူသည် မျက်မှောင်ကို ကြုတ်ကာ ကြိုးစား၍ ရေးဆွဲလေသည်။

ထိုအတွင်း ဝင်းတံခါးသည် ဖြည်းညင်းစွာ ပွင့်လာသည်။ ဟန်ကန်မှာ မြင်းရုပ်တွင် စိတ်ဝင်စားနေသဖြင့် တံခါးပွင့်သွားသည်ကို လုံးဝမသိ။ "အလို" ဟူသော ကျယ်လောင်သည့် အသံကြီးကို ကြားသည်မှ ထိတ်လန့်စွာဖြင့် မော့ကြည့်လိုက်သောအခါ မြေပေါ်တွင် ဆွဲထားသည့် သူ့မြင်းရုပ်ကို သေချာစွာ ကြည့်ရှုနေသော ဝမ်ဝေကို တွေ့ရလေသည်။

"အလို ဒီမှာ မြင်းရုပ်ကို တကယ်အသက်ပါအောင် ဆွဲနိုင်တဲ့ ပန်းချီဆရာပါကလားကွယ်။ သူ့ခမျာ ပန်းချီအတတ်ကို မြေပေါ်မှာပဲဆွဲပြီး သင်ယူနေရရှာပါလား။ ဒီလိုပုဂ္ဂိုလ်မျိုးကို မြေပေါ်မှာပဲ ဆွဲဖို့ သင်ပေးတဲ့လူလောက် ညံ့ဖျင်းတဲ့လူဟာ လောကမှာ မရှိတော့ပါဘူး"

"လူကြီးမင်းခင်ဗျာ ... ကျွန်တော့်လို ပမွှားကလေးအပေါ် စိတ်မဆိုးပါနဲ့ခင်ဗျာ။ ဘယ်သူကမှ ကျွန်တော့်ကို ပန်းချီသင်ပေးတာမဟုတ်ပါဘူး"

ဟန်ကန်သည် ထိတ်လန့်စွာဖြင့် တောင်းပန်ပြောဆိုလေသည်။ ထိတ်လန့်လွန်းသဖြင့် သူ့ဒူးနှစ်ဖက်မှာ တဆတ်ဆတ် တုန်နေလေပြီ။

mgyoe.com

mgyoe.com


"မင်းမှာ ဆရာမရှိဘူး ဟုတ်လား"

"မရှိပါဘူးခင်ဗျာ၊ ကျွန်တော် ပန်းချီဆရာလည်း မဟုတ်ပါဘူး။ အင်မတန် ဆင်းရဲတဲ့ ..."

"တော်ပြီ၊ တော်ပြီ၊ မင်းကို ဘယ်သူဆိုတာပြောဖို့ မလိုတော့ပါဘူးကွာ"

ဝမ်ဝေသည် ဤသို့ပြောပြီးလျှင် ဟန်ကန်၏ ပခုံးကို ညင်သာစွာ ကိုင်လိုက်ပြီးနောက်–

"ကဲ ကဲ၊ ငါ့အိမ်ထဲ ဝင်ပါဦး" ဟုဆိုကာ အထဲသို့ ခေါ်သွားလေသည်။

"ဒီမယ် လူကြီးမင်းခင်ဗျာ၊ ကျွန်တော့်ကို ..."

"ဟော့ မြေပေါ်မှာ မြင်းရုပ်ဆွဲတဲ့ ပန်းချီကျော်ကလေးရဲ့၊ ကျွန်တော်တွေ ဘာတွေ လုပ်မနေပါနဲ့ကွ၊ လိုက်သာလိုက်ခဲ့ပါ"

ဝမ်ဝေသည် ဟန်ကန်ပြောမည့်စကားကို ဆုံးအောင်မစောင့် ဆီးတော်ပင်ရှိရာ ကွက်လပ်ကို ဖြတ်သန်းလျက် အမိုးစိမ်းမိုးထားသော အိမ်ဆီသို့သာ ခေါ်ဆောင်သွားလေသည်။

အိမ်ထဲတွင်ကား သူငယ်မလေးတစ်ဦး ထိုင်နေသည်။ သူသည် မင်တောင့်တစ်တောင့်ကို ကျောက်ပြင်တွင် တင်၍ သွေးနေသည်။

"ဒီဟာ ငါ့သမီးပဲကွဲ့၊ နာမည်ကတော့ ဆီးတော်ပွင့်လို့ ခေါ်တယ်။ ပန်းချီဆွဲတဲ့အခါ ဆေးမင်တွေကို ဘယ်လို အသုံးပြုရမယ်ဆိုတာ မင်းကို သူ သင်ပြပေးလိမ့်မယ်"

ဝမ်ဝေက ဤသို့လျှင် သူ့သမီးနှင့် မိတ်ဆက်ပေးသည်။ ဟန်ကန်အဖို့ ဆေးမင်တို့ကို တစ်ခါမျှ မမြင်စဖူး။ ဤအကြိမ်သည်

mgyoe.com

mgyoe.com


ပထမဦးဆုံးအကြိမ်ဖြစ်သည်။ ထို့ကြောင့် သူငယ်မကလေးက သူ့အား ကျွမ်းကျင်လိမ္မာစွာဖြင့် ဂရုတစိုက် ပြသပေးရှာသည်။ မင်တောင့်တစ်ခုလုံး ပျစ်ခဲသောအရည်များ ဖြစ်သွားသောအခါ ဆီးတော်ပွင့်သည် စုတ်တံတို့ အပြည့်ထည့်ထားသော ကြွေခွက်ကို ယူဆောင်လာသည်။ ထို့နောက် ဖခင်အေးရှိ စားပွဲပေါ်တွင် စုတ်တံနှင့် မင်ခွက်တို့ကို အတူချထားလိုက်သည်။

"သမီး၊ သူ့ကို ဒီစုတ်တံတွေဟာ ဘယ်လိုလဲဆိုတာ ပြောပြလိုက်ပါဦးကွယ်" ဟု ဝမ်ဝေက ပြောသဖြင့် ဆီးတော်ပွင့်က–

"ဟောဒီစုတ်တံကတော့ ယုန်မွေးနဲ့ လုပ်တာပဲ။ ဒီစုတ်တံကို ဝါးပင်နဲ့ သစ်ကိုင်းငယ်တွေကို ဆွဲတဲ့အခါ သုံးရတယ်။ ဒါကတော့ သမင်မွေးနဲ့လုပ်တဲ့ စုတ်တံပဲ။ မိုးတိမ်တွေ၊ အိမ်တွေ ဆွဲမယ်ဆိုရင် ဒါနဲ့ အသုံးပြုရတယ်။ ဟောဒီ စုတ်တံကြီးကတော့ ဝံပုလွေမွေးနဲ့ လုပ်တဲ့ဟာပဲ။ တောင်တွေကို ဆွဲတဲ့အခါမှာ သုံးရတယ်" ဟု အစီအစဉ်ကျနစွာဖြင့် ဟန်ကန်အား ပြောပြသည်။

"တကယ်တော်တဲ့ ပန်းချီကျော်များဟာ ပုံဆွဲပြီးတဲ့အခါ စုတ်တံကို မဆေးကြောဘဲ ဘယ်တော့မှ ထားလေ့မရှိဘူးကွဲ့" ဟူ၍လည်း ဝမ်ဝေက မျက်မှန်ကို တပ်ရင်း နောက်ဆက်တွဲအဖြစ် ပြောပြသည်။

သို့ပြောပြီးလျှင် ဝမ်ဝေသည် ပန်းချီစ၍ ဆွဲသည်။ ဟန်ကန်လည်း အလွန်ပျော်ရွှင် နှစ်သိမ့်စွာဖြင့် အနီးကပ် ကြည့်နေသည်။ ဝမ်ဝေသည် စုတ်တံကို နှစ်ချက်ဆင့်၍ ဆွဲလိုက်ရာ ကားပေါ်တွင် တောင်တစ်လုံးပုံ ပေါ်လာသည်။ တစ်ဖန် ထပ်၍ဆွဲလိုက်ရာ ပထမတောင်နောက်မှ တခြား တောင်မြင့်တစ်လုံးပုံ ပေါ်လာပြီးနောက်

mgyoe.com

mgyoe.com


တောင်များတွင် နှင်းခဲများတို့ ဖုံးလွှမ်းနေဟန် ရေးဆွဲသည်။ တောင်နှစ်လုံးကြားတွင်လည်း တသွင်သွင် စီးဆင်းနေသော မြစ်တစ်ခုပုံကို ရေးဆွဲပြန်သည်။ ကားထောင့်စွန်းတွင်မူ ဆောင်းရာသီ ချင်းနင်းဝင်ရောက်လာဟန်ကို ဖော်ပြသည့် အစိမ်းဖျော့ရောင်အခေါက်ရှိသော သစ်ပင်တစ်ပင်ကို ဖြည့်တင်းရေးဆွဲလိုက်သည်။

ဟန်ကန်သည် ဝမ်ဝေပန်းချီဆွဲသည်ကို ဝမ်းမြောက်ဝမ်းသာကြည့်ရှုနေမိသော်လည်း တစ်ချက်တစ်ချက်တွင် ရင်တွင်း၌ အထူးမသက်မသာဖြစ်မိသည်။ သူသည် မကြာမီပင် ထမင်းဆိုင်ရှင်တောင်းခိုင်းသောကြေးကို တောင်းရတော့မည်။ သို့ တောင်းသည်နှင့်တစ်ပြိုင်နက် ဝမ်ဝေသည် စိတ်ဆိုးကာ သူ့ကို နှင်ချပေတော့မည်။ သူ စိုးရိမ်သည့်အချက်ကိုပင် ဝမ်ဝေက စတင်မေးလိုက်လေပြီ။

"ဒါနဲ့ မင်း ငါ့အိမ်ရှေ့မှာ ဘာလုပ်နေတာလဲဟေ့"

"ဒီလိုပါခင်ဗျာ၊ ကျွန် ... ကျွန် ... ကျွန်တော်"

"ကျွန်တော် ဘာဖြစ်သလဲ ပြောပါ လူကလေးရဲ့"

"လူကြီးမင်း ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ခင်ဗျာ။ သခင်က ခိုင်းလိုက်လို့ ကျွန်တော် ငွေတောင်းရအောင် လာတာပါ"

"ဘာငွေလဲကွဲ့"

"လူကြီးမင်း သတိရမိပါလိမ့်မယ်ခင်ဗျာ။ ထမင်းဆိုင်က အကြွေးငွေပါခင်ဗျာ"

ဟန်ကန်မှာ များစွာ အံ့သြသွားသည်။ အကြောင်းမူကား ဝမ်ဝေသည် ရုတ်တရက် ရယ်ချလိုက်သောကြောင့်ပင်တည်း။ ဝမ်ဝေ၏ ရယ်သံမှာ စုတ်တံကို ကြွေခွက်တွင်း၌ ထည့်မွှေလိုက်

mgyoe.com

သောအသံနှင့် တူသည်။

"ထမင်းဆိုင်ကတဲ့လား၊ အောင်မယ် ငါ့မိတ်ဆွေမိုက် ဆိုင်ရှင်က မင်းလိုလူမျိုးကို စားပွဲထိုး ခန့်ထားတယ် ဟုတ်စ'

သူသည် အားပါးတရ ရယ်မောလေရာ မျက်ရည်များပင် ပါးပြင်သို့ စီးကျလာသည်။ မျက်ရည်စတို့ကို အင်္ကျီစဖြင့် သုတ်ရင်း သူသည် ရယ်မော၍သာ နေပြန်သည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ။ သခင်က ခိုင်းလိုက်လို့ပါ"

"ဘာ သခင်ဟုတ်စ၊ အခုအချိန်ကစပြီး ထမင်းဆိုင်ရှင်ဟာ မင်းသခင်မဟုတ်တော့ဘူးကွဲ့။ ငါသာ မင်းသခင်ပဲ။ အေးလေ မင်းသခင်ဟောင်းဆီ ငါသွားပြီး အကျိုးအကြောင်းပြောရဦးမှာပေါ့။ ပြောတဲ့အခါ ငွေစလည်း ယူသွားမှာပေါ့ကွယ်၊ ဟုတ်လား။ မြင်းတွေကို နှလုံးသားတိုင်အောင် ပညာမျက်စိနဲ့ ကြည့်နိုင်စွမ်းရှိတဲ့ မင်းရဲ့ အကြည့်ကို ငါ ဘယ်တော့မှ မမေ့ဘူးကွဲ့။ ဒီနေ့ကစပြီး ငါ မင်းကို ပန်းချီကျော်ကြီးဖြစ်တဲ့အထိ ပျိုးထောင်ပေးတော့မယ်ဟေ့"

× × ×

ပန်းချီဆရာနှင့် ဘုရင်တို့သည် ဖြည်းညင်းစွာ လျှောက်လာရာ နန်းတော်ဝသို့ ရောက်ရှိလာကြသည်။

"အဲဒါပါပဲအရှင်၊ ဆရာကြီးဝမ်ဝေဆီက ပန်းချီအတတ်ကို ကျွန်တော်မျိုး ဘယ်လိုသင်ယူခဲ့တယ်ဆိုတာ ဆရာကြီးနဲ့ မတွေ့ခင်ကတော့ စောစောက ကျွန်တော်မျိုး လျှောက်ထားတဲ့အတိုင်း မြင်းတွေပဲ ကျွန်တော်မျိုးဆရာတွေ ဖြစ်ခဲ့ပါတယ်"

mgyoe.com

mgyoe.com

ဟန်ကန်သည် ဆံဖြူများရှိသော ဦးခေါင်းကို ငုံ့လိုက်ပြီး လျှင်ဘုရင့်ထံမှ ခွဲခွာလျက် အိမ်သို့ ဆက်လက်လာခဲ့လေသည်။ အိမ်သို့ ရောက်သောအခါ သူသည် ဆက်လက်၍ ပန်းချီဆွဲရန် စုတ်တံကို မင်တွင် တို့လိုက်လေသတည်း။

■

တရုတ်ပုံပြင်

mgyoe.com

mgyoe.com

# ညီအစ်ကိုနှစ်ယောက်

တစ်ရံရောအခါ အဘိုးအိုတစ်ယောက်ရှိ၍ သူ့၌ သားနှစ်ယောက် ရှိလေသည်။ အဘိုးအိုသည် ကွယ်လွန်ပါက သားနှစ်ယောက်အား သူ၏ ဥစ္စာပစ္စည်းများကို အညီအမျှ ခွဲဝေပေးရန် ရည်ရွယ်ထား လေသည်။ သို့ရာတွင် ဤသို့ ခဲဝေပေးခြင်းမပြုနိုင်မီ အဘိုးအို သည် ရုတ်တရက် ကွယ်လွန်သွားလေသည်။

အဘိုးအို၏ သားနှစ်ယောက်တွင် အစ်ကိုသည် စိတ်ထား ဆိုး၍ လောဘကြီးသူဖြစ်၏။ ထို့ကြောင့် အဖထားခဲ့သော ဥစ္စာ ပစ္စည်းတို့ကို အညီအမျှ ခွဲဝေခြင်းမပြု။ ညီငယ်အား တဲစုတ် တစ်လုံးနှင့် ခြောက်သွေ့သော မြေညံ့တစ်ကွက်သာ ပေး၏။ အဖိုး တန်ပစ္စည်းအားလုံးနှင့် မြေကောင်းယာကောင်းဟူသမျှကို သူတစ် ဦးတည်း သိမ်းပိုက်ယူငင်ထားလိုက်လေသည်။

ညီငယ်သည် စိတ်ထားကောင်းသူလည်းဖြစ်သည်။ လုံ့လ ဝီရိယရှိသူလည်း ဖြစ်သည်။ ထို့ကြောင့် အစ်ကို၏ မတရားပြုမှု ကို သည်းခံလျက် သူ့အတွက်ရသော မြေယာကို ကြိုးစား၍ ထွန် ယက်စိုက်ပျိုးခြင်းပြုလေသည်။ သို့ရာတွင် မြေကွက်မှာ သေးငယ်

mgyoe.com

mgyoe.com




လှသည့်အပြင် သွေ့ခြောက်၍ မြေဆီဩဇာ မကောင်းသောကြောင့် သူကြိုးစားသလောက် အကျိုးမဖြစ်ထွန်းပေ။ ကောက်ပဲသီးနှံတို့ အထွက်နည်းကာ သူ့ခမျာ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ နေထိုင်ရှာလေသည်။

ထိုအချိန်၌ အစ်ကို၏ မြေကောင်းယာကောင်းတို့မှာ ကောက်ပဲသီးနှံတို့ အထွက်များလျက် များစွာအကျိုးဖြစ်ထွန်းနေလေသည်။

mgyoe.com

mgyoe.com


ညီငယ်ဆင်းရဲသလောက် အစ်ကိုသည် ချမ်းသာကြွယ်ဝစွာ နေထိုင်နိုင်လေသည်။ သို့ရာတွင် အစ်ကိုသည် ညီငယ်ကို ကူညီ စောင့်ရှောက်ခြင်းမပြု။ ပစ်ပယ်၍သာ ထား၏။ အစ်ကိုသည် ဤသို့ ညီငယ်ကို ပစ်ပယ်ထားသော်လည်း သူ့ကို မြှောက်ပင့်ပြောဆို ဆက်ဆံကြသည့် အပေါင်းအသင်း မိတ်ဆွေများကိုမူ အမြဲ ကူညီ စောင့်ရှောက်ခြင်းပြုလေသည်။

ဤသည်ကို အစ်ကို့မိန်းမသည် မနှစ်သက်ပေ။ အစ်ကိုသည် စိတ်ထားဆိုးသော်လည်း အစ်ကို့မိန်းမမှာမူ စိတ်ထားကောင်း၏။ ထို့ပြင် ဉာဏ်ပညာလည်း ရှိ၏။ အစ်ကို့မိန်းမက အစ်ကိုအား ညီငယ်ကို ပစ်ပယ်ခြင်းမပြုရန်၊ ကူညီ စောင့်ရှောက်ရန် အကြိမ်ကြိမ် တိုက်တွန်းပြောဆို၏။ အစ်ကိုကလည်း မိန်း၏ တိုက်တွန်းချက်ကို အခါခါ ငြင်းပယ်၏။

ဤတွင် မိန်းမက–

"မောင်ကြီးရယ် မောင်ကြီးမိတ်ဆွေတွေကိုတော့ ကူညီစောင့်ရှောက်ပြီး မောင်ကြီး ညီငယ်ကို လျစ်လျူရှုထားတာ မသင့်တော်ပါဘူး။ ဘယ်သူတွေ ဘယ်လောက်ကောင်းကောင်း တစ်အူတုံဆင်း ညီအစ်ကိုချင်း ကောင်းတာကို မမီပါဘူး။ တစ်နေ့ အမှန်တရားကို မောင်ကြီး သိလာပါလိမ့်မယ်ရှင်" ဟု ပြောဆိုလေသည်။

မိန်းမက မည်သို့ပင် ပြောဆိုသော်လည်း အစ်ကိုက နားမထောင်ပေ။ ညီငယ်ကို လျစ်လျူရှုစမြဲ ရှုထားလေ၏။

ဤသို့နေလာရာမှ တစ်နေ့တွင် အစ်ကိုသည် အလုပ်မှ ပြန်လာသောအခါ အိမ်၌ မိန်းမဖြစ်သူ ထိတ်လန့်စွာ ငိုမြည်နေသည်ကို တွေ့ရလေသည်။ အကျိုးအကြောင်း မေးကြည့်သောအခါ

mgyoe.com

mgyoe.com


မိန်းမက–

"မောင်ကြီးအလုပ်သွားနေတုန်း သူတောင်းစားတစ်ယောက် ခြံထဲဝင်လာပြီး နေလှန်းထားတဲ့ အဝတ်တွေကို ခိုးတယ်။ နှမလည်း သိရော စိတ်ဆိုးဆိုးနဲ့ ပြေးသွားပြီး တုတ်နဲ့ တအားရိုက်လိုက်တယ်။ သူတောင်းစားလည်း မြေပေါ်လဲကျသွားတယ်။ ကံဆိုးချင်တော့ သူ့ဦးခေါင်းဟာ မြေပေါ်မကျဘဲ ကျောက်တုံးတစ်တုံးပေါ် ကျသွားတယ်။ တစ်ခါတည်း သူ့ခေါင်းနဲ့ ကျောက်တုံး ဆောင့်မိပြီး သေသွားတယ်။ နှမလည်း ကြောက်ကြောက်နဲ့ သူ့ အလောင်းကို ဖျာလိပ်နဲ့ပတ်ပြီး ခြံထောင့်မှာ ဝှက်ထားတယ်။ ဒုက္ခပဲ မောင်ကြီးရေ၊ ဘယ်လိုလုပ်ကြမလဲ" ဟု ပြောဆို၏။

ထိုအခါ အစ်ကိုသည် များစွာ ထိတ်လန့် ကြောက်ရွံ့သွားလေသည်။

"ဒီအကြောင်းကို သူကြီးမသိမှဖြစ်မယ်။ သူကြီးသိသွားရင် မောင်ကြီးတို့ကို လူသတ်မှုနဲ့ ဖမ်းတော့မှာပဲ" ဟူ၍ အစ်ကိုက ကြောက်ရွံ့စွာ ပြန်ပြော၏။

မိန်းမက "မောင်ကြီးရေ ဒီလိုဆိုရင် ဒီအလောင်းကို တိတ်တဆိတ် ဖျောက်ဖျက်ပစ်မှ ဖြစ်မယ်။ ရွာဖျားက သင်္ချိုင်းကုန်းနားက ညောင်ပင်ကြီးအောက်မှာ ညအချိန် တိတ်တိတ်သွားမြှုပ်မှ ဖြစ်မယ်။ အလောင်းကို ကူထမ်းရအောင် မောင်ကြီးမိတ်ဆွေ တစ်ယောက်ယောက်ကို အဖော်သွားခေါ်ပါ" ဟု အကြံပေး ပြောဆို၏။

အစ်ကိုလည်း မိန်းမအကြံကို သဘောတူကာ ယုံကြည်စိတ်အချရဆုံးဖြစ်သော သူ့မိတ်ဆွေတစ်ယောက်ထံသွား၍ အကျိုး

mgyoe.com

mgyoe.com


အကြောင်းပြောပြလျက် အကူအညီတောင်း၏။ သူ့မိတ်ဆွေက အကူအညီမပေးပေ။ ညဘက်အချိန်မတော်တွင် သူ့မိန်းမနှင့် သားသမီးတို့ကို အိမ်၌ ပစ်ထားလျက် အစ်ကို့နောက်သို့ မလိုက်နိုင်ပါဟု ဆိုကာ ငြင်းဆိုလိုက်လေသည်။

သို့ဖြင့် အခြားမိတ်ဆွေတစ်ယောက်ထံ သွားရောက်အကူအညီတောင်း၏။ ထိုမိတ်ဆွေကလည်း သူသည် နေထိုင်မကောင်းဖြစ်နေသောကြောင့် အကူအညီမပေးနိုင်ပါဟု ဆိုကာ ငြင်းပယ်လိုက်ပြန်လေသည်။

အစ်ကိုသည် နောက်မိတ်ဆွေတစ်ယောက်ထံ သွား၍ အကူအညီတောင်းပြန်၏။ ထိုမိတ်ဆွေကလည်း သူ့မိခင် နာဖျားမကျန်းရှိနေသောကြောင့် မလိုက်နိုင်ပါဟုဆိုကာ ငြင်းဆိုလိုက်ပြန်၏။ အစ်ကိုသည် ကျန်မိတ်ဆွေတစ်ဦးဆီထံသွား၍ အကူအညီတောင်းပြန်၏။ သို့ရာတွင် မိတ်ဆွေအားလုံးကပင် ဆင်ခြေအမျိုးမျိုးပေးကာ ငြင်းဆိုလိုက်ကြသည်သာ ဖြစ်လေသည်။

နောက်ဆုံး၌ အစ်ကိုသည် လက်လျှော့ကာ စိတ်ပျက်လက်ပျက်နှင့် အိမ်သို့ ပြန်လာ၏။

ဤတွင် မိန်းမက –

"ကဲ မောင်ကြီးရေ မှောင်စပြုလာပြီ။ အချိန်လည်း မရှိတော့ဘူး။ မောင်ကြီးကို ကူညီမယ့် မိတ်ဆွေလည်း တစ်ယောက်မှ မရှိတော့ဘူးမဟုတ်လား။ ဒါဖြင့် မောင်ကြီးညီဆီပဲသွား၊ အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းပေတော့။ သူတစ်ယောက်ပဲ အားကိုးစရာရှိတော့တယ်" ဟု ဆို၏။

အစ်ကိုသည် ညီငယ့်ထံသွားလျက် အကျိုးအကြောင်း ပြော

mgyoe.com


ပြကာ အကူအညီတောင်းခံ၏။ ညီငယ်လည်း မဆိုင်းမတွပင် ကူညီရန် လိုက်လာ၏။ လမ်း၌ အစ်ကို စိတ်သက်သာရာ ရစေရန်လည်း အားပေးစကားပြောကြား၏။ ထိုညမှာပင် သူတို့ညီအစ်ကိုနှစ်ယောက်သည် ဖျာလိပ်ဖြင့် ပတ်ထားသော အလောင်း ကို ဦးပဲ့ထမ်းကာ သယ်ဆောင်သွားပြီးလျှင် ရွာဖျားသင်္ချိုင်းအနီးရှိ ညောင်ပင်ကြီးအောက်တွင် မြှုပ်နှံလိုက်ကြသည်။

ဤသို့ မြှုပ်နှံပြီး အိမ်သို့ ပြန်လာကြသောအခါ သူတို့သည် မမျှော်လင့်ဘဲ အိမ်၌ သူကြီးစောင့်နေသည်ကို တွေ့ရလေသည်။ သူကြီးနှင့်အတူ အစ်ကို့မိတ်ဆွေများကိုလည်း တွေ့ရလေသည်။ ထိုမိတ်ဆွေများက တိုင်ကြားကြသဖြင့် သူကြီးသည် လူသတ်တရားခံကို ဖမ်းဆီးရန် ရောက်ရှိနေခြင်းဖြစ်လေသည်။ သူကြီးသည် အားလုံးကို ခေါ်ဆောင်ကာ အလောင်းမြှုပ်နှံရာနေရာသို့ သွားသည်။ ရောက်သော် အလောင်းကို တူးဖော်ကြည့်သည်။ အလောင်းကို မြင်သောအခါ သူတို့အားလုံး အံ့သြမဆုံးဖြစ်သွားကြလေသည်။ အကြောင်းမှာ သူတို့မျှော်လင့်သည့်အတိုင်း လူသေအလောင်းကို မတွေ့ရ။ ခွေးသေအလောင်းကိုသာ တွေ့ရသောကြောင့်တည်း။

ဤတွင်မှ မိန်းမက လူအများရှေ့သို့ ထွက်လာကာ–

"အထင် မမှားကြပါနဲ့ရှင် လူသတ်မှုမဟုတ်ပါဘူး။ ကျွန်မဖန်တီးထားတဲ့ ဇာတ်လမ်းပါ။ မနေ့က ကျွန်မအိမ်က ခွေးကြီးသေသွားပါတယ်။ အဲဒီခွေးသေကောင်ကြီးကို လူသေအလောင်းအဖြစ် ကျွန်မ လုပ်ဇာတ်ခင်းလိုက်ပါတယ်။ ဒီလို လုပ်ဇာတ်ခင်းရတာ အကြောင်းထူးရှိပါတယ်။ ကျွန်မယောကျ်ား အမြင်မှန် ရစေ

mgyoe.com

mgyoe.com


ချင်လို့ပါပဲ။ တကယ်မှာ သူထင်သလို သူ့မိတ်ဆွေတွေက သူ့ အပေါ် သစ္စာမရှိဘဲ သူ့ညီကသာ သစ္စာရှိတာကို ပြချင်လို့ ကျွန်မ ဒီလို လုပ်လိုက်ရတာပါ" ဟု ဆိုကာ အကျိုးအကြောင်း ဇာတ်စုံခင်းပြ လိုက်လေသည်။

ဤတွင် သူကြီးသည် ရယ်မောလျက် ထွက်ခွာသွားလေ သည်။ အစ်ကို့မိတ်ဆွေတို့လည်း ရှက်ရွံ့စွာ ထွက်ခွာသွားလေ သည်။ အစ်ကိုသည် ညီငယ်၏ပခုံးကို ယုယကြင်နာစွာ ဖက် လျက်–

"တကယ့်အရေးမှာ ငါ့ညီသာ ငါ့အပေါ် သစ္စာရှိရှိနဲ့ ကူညီ ပါပေမယ်။ ငါ့အမှားတွေကို တောင်းပန်ပါတယ်ကွယ်" ဟူ၍ ပြောဆိုလိုက်လေ၏။

■

ဗီယက်နမ်ပုံပြင်

mgyoe.com

mgyoe.com

# အိမ်နီးချင်းနှစ်ယောက်

တစ်ရံရောအခါ ရွာတစ်ရွာ၌ အိမ်နီးချင်းနှစ်ယောက်ရှိ၏။ တစ်ယောက်၏ အမည်မှာ 'ချမ်ဘ' ဟု ခေါ်၍ တစ်ယောက်၏ အမည်ကား 'ဆိရင်' ဟု ခေါ်သည်။

ချမ်ဘသည် ဆင်းရဲ၏။ သို့ရာတွင် စိတ်ကောင်း သဘောကောင်းရှိ၏။ သနားကြင်နာတတ်၏။ ဆိရင်ကား ချမ်းသာကြွယ်ဝ၏။ သို့ရာတွင် စိတ်ဆိုးသဘောဆိုးရှိ၏။ ရက်စက် ကြမ်းကြုတ်၏။

တစ်နေ့သောအခါ ချမ်ဘ၏ အိမ်ခေါင်မိုးကြားတွင် စာဖိုစာမသည် အသိုက်လာလုပ်သည်။ မကြာမီ စာမသည် စာဥများဥကာ စာငယ်များ ပေါက်လေသည်။ စာဖိုစာမသည် စာငယ်များကို နေ့စဉ်ပင် အပျံသင်ပေး၏။ တစ်နေ့ အပျံသင်ပေးနေစဉ် စာငယ်တစ်ကောင်သည် အတောင်ညောင်းသဖြင့် မြေသို့ ကျသွား၏။ အရှိန်ပြင်းစွာ ကျသွားသောကြောင့် ခြေကျိုးသွားကာ နေရာမှ ထမပျံနိုင်ဘဲ အော်မြည်လျက်နေရှာ၏။ စာဖိုစာမသည် မည်သို့မျှ မကူညီနိုင်ရှာ။ အနီးအနားတွင် ပျံလိုက်၊ ဝဲလိုက်၊ အော်လိုက်နှင့်သာ ပြုနေရရှာလေသည်။

mgyoe.com



ထိုအခြင်းအရာကို ချမ်ဘမြင်သောအခါ စာငယ်ကို ယုယကြင်နာစွာ ကောက်ယူပြီးလျှင် အနာကို ဆေးထည့်ပေး၏။ ကျပ်စည်းပေး၏။ ထို့နောက် အသိုက်ထဲသို့ အသာအယာ ပြန်ထားပေးလေသည်။ ဤတွင် စာငယ်သည် ဘေးမသီရန်မခဲဘဲ အသက်ချမ်းသာရာ ရသွားလေသည်။

စာဖိုစာမသည် သားငယ်၏အသက်ကို ကယ်တင်သော

mgyoe.com

mgyoe.com

ချမ်ဘာကို ကျေးဇူးတင်မဆုံး ဖြစ်နေလေသည်။ ထို့ကြောင့် တစ်ညနေတွင် ပြောင်းစေ့တစ်စေ့ကို ကိုက်ချီလာကာ ချမ်ဘာကို ပေး၏။ သို့ပေးရင်း သူတို့က–

"အဆွေချမ်ဘာ၊ သည်ပြောင်းစေ့ကို သင့်ခြံထဲမှာ စိုက်ထား ပါ။ အကျိုးထူး ခံစားရပါလိမ့်မယ်" ဟု ဆို၏။

ချမ်ဘာက "ပြောင်းစေ့ကလေးဟာ ဘာမှတော့ တန်ဖိုးမရှိပါဘူး။ ဒါပေမဲ့ စာဖိုစာမက ကျေးဇူးဆပ်တဲ့အနေနဲ့ ပေးတာပဲ။ သူတို့ရဲ့ မြင့်မြတ်တဲ့ စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ လက်ခံရမှာပေါ့" ဟု တစ်ကိုယ်တည်းပြောကာ ပြောင်းစေ့ကို လက်ခံယူထားလိုက်လေသည်။ ထို့နောက် စာဖိုစာမ မှာကြားသည့်အတိုင်း ခြံထဲ၌ စိုက်ထားလိုက်လေသည်။

ရက်လ အတန်ကြာသောအခါ ချမ်ဘာသည် ထိုအကြောင်းကို မေ့မေ့ပျောက်ပျောက်ပင် ဖြစ်နေလေသည်။ သို့ရာတွင် တစ်နံနက်၌ အိပ်ရာမှထ၍ ခြံထဲသို့ လမ်းလျှောက်သွားသောအခါ မမျှော်လင့်သည့် ထူးဆန်းသောအရာတို့ကို တွေ့ရလေသည်။ ယင်းကား အခြားမဟုတ်၊ သူစိုက်ထားသော ပြောင်းစေ့သည် အပင်ပေါက်လျက် ထိုအပင်မှ ပြောင်းဖူးများ မသီးဘဲ အဖိုးတန် စိန်ကျောက်ရတနာများ သီးနေခြင်းပင်ဖြစ်လေသည်။ ချမ်ဘာသည် စိန်ကျောက်ရတနာတို့ကို ဝမ်းမြောက်ဝမ်းသာ ဆွတ်ခူးယူငင်လေသည်။ ခဏချင်းပင် သူသည် ကြွယ်ဝချမ်းသာသူတစ်ယောက် ဖြစ်သွားလေသည်။

ချမ်ဘာ ကြွယ်ဝချမ်းသာလာသည်ကို အိမ်နီးချင်းဆိရင် မြင်တွေ့သောအခါ စိတ်ကနာမငြိမ်ဖြစ်နေလေသည်။ စင်စစ် ချမ်ဘာနည်းတူ သူသည်လည်း ကြွယ်ဝ ချမ်းသာသူဖြစ်သည်။ သို့ပါ

mgyoe.com

လျက်နှင့် မတင်းတိမ် မရောင့်ရဲနိုင်။ ချမ်ဘာထက် ပိုမို ကြွယ်ဝ ချမ်းသာလိုသော လောဘစိတ်ဆန္ဒများ ပေါ်ပေါက်နေလေသည်။

ထို့ကြောင့် ချမ်ဘာအား မည်သည့်အကြောင်းကြောင့် ကြွယ်ဝ ချမ်းသာလာပါသနည်းဟု မေးမြန်း၏။ ချမ်ဘာကလည်း ရိုးသား ပွင့်လင်းသူဖြစ်သဖြင့် အဖြစ်မှန်ကို ပြောပြ၏။ ဤတွင် ဆီရင် သည် ချမ်ဘာနည်းတူ စိန်ကျောက်ရတနာများ ရရှိရန် မတရား နည်းဖြင့် ကြိုးပမ်းလေသည်။

ရှေးဦးစွာ သူသည် သူ့အိမ်ခေါင်မိုးအကြားတွင် စာသိုက်ကို လိုက်ရှာ၏။ ကံအားလျော်စွာ စာသိုက်တစ်ခုကို တွေ့၏။ ထိုစာ သိုက်ထဲတွင် စာပေါက်စကလေးတစ်ကောင်ကိုလည်း တွေ့၏။ ထိုစာငယ်၏မိခင်ဖခင် စာဖိုစာမတို့သည် အစာရှာသွားနေသဖြင့် စာငယ်ကလေးတစ်ကောင်သာ အထီးတည်း ရှိနေလေ၏။ ဤတွင် ဆီရင်သည် စာငယ်ကလေးကို ဖမ်းယူကာ မြေပေါ်သို့ ရက်ရက် စက်စက် ပစ်ချလိုက်၏။ စာငယ်ကလေးသည် သနားစဖွယ် တစာစာအော်မြည်ရင်း မြေပေါ်သို့ ကျသွားကာ ခြေကျိုးသွားလေ သည်။ ဤတွင်မှ ဆီရင်သည် ချမ်ဘာလုပ်သည့်နည်းတူ စာငယ် ကို ကောက်ယူကာ အနာကို ဆေးထည့်ပေး၏၊ ကျပ်စည်းပေး၏။ ထို့နောက် စာသိုက်ထဲသို့ ပြန်ထည့်ထားလိုက်လေသည်။

ညနေဘက်သို့ ရောက်သောအခါ စာဖိုစာမသည် အစာရှာ ဖွေရာမှ ပြန်ရောက်လာ၏။ မကြာမီပင် သူတို့သည် ပြောင်းစေ့ တစ်စေ့ကို ကိုက်လျက် ဆီရင်အား လာပေး၏။ သူတို့၏သား ငယ် ခြေကျိုးသည်ကို ပြုစုစောင့်ရှောက်သဖြင့် လက်ဆောင်လာ ပေးခြင်းဖြစ်ပါသည်။ ယင်းကို ခြံထဲ၌ စိုက်ထားပါဟု ပြောဆို

mgyoe.com

mgyoe.com


မှာကြားသွား၏။

ဆီရင်သည် ချမ်ဘာနည်းတူ သူလည်း စိန်ကျောက်ရတနာများ ရတော့မည်ဟု တွေးတောကာ ဝမ်းသာမဆုံး ဖြစ်နေ၏။ ချက်ချင်းပင် သူသည် ပြောင်းစေ့ကို ခြံထဲ၌ သေချာစွာ စိုက်လိုက်၏။ နေ့စဉ်ပင် စောင့်မျှော်၍လည်း ကြည့်ရှု၏။ နောက်ဆုံး၌ သူမျှော်လင့်သည့်အတိုင်း ပြောင်းပင်သည် ပေါက်လာ၏။ သို့ရာတွင် အသီးအနှံများအဖြစ် စိန်ကျောက်ရတနာများကား ပေါ်ထွက်မလာ။ ယင်းတို့အစား အဖူးထဲမှ ထူးဆန်းစွာ လူကြီးတစ်ယောက် ပေါ်ထွက်လာလေသည်။ ထိုလူကြီးသည် ကာယဗလ ကြံ့ခိုင်သန်စွမ်းသည်နှင့်အမျှ အသားနီနီ၊ မျက်ထောင့်နီနီနှင့် ရက်စက်ကြမ်းကြုတ်သော အသွင်ကို ဆောင်နေ၏။

သူက ဆီရင်အား "ကျုပ်ကို ခင်ဗျား မမှတ်မိတော့ဘူးလား။ ကျုပ်ဟာ ဘဝဟောင်းက ခင်ဗျားရဲ့ ကြွေးရှင်ပဲ။ ကျုပ်ဆီက ကြွေးတွေယူထားပြီး ခင်ဗျား ခုထိ ပြန်မဆပ်သေးဘူး။ အခု ကြွေးတောင်းရအောင် ကျုပ်လာတာပဲ။ ဟောဒီမှာ စာချုပ်တွေ" ဟု ဆိုကာ စာချုပ်များကို ထုတ်ပြသည်။ အမှန်ပင် စာချုပ်ထဲ၌ ဆီရင်ယူထားသော ကြွေးစာရင်းများ ပါရှိသည်။

ထိုလူကြီးသည် စာချုပ်စာရင်းပါအတိုင်း ဆီရင်၏ ရွှေငွေပစ္စည်းများကို သိမ်းယူသွားလေသည်။ သိမ်းယူသွားသည်မှာ အားလုံးလိုလိုဖြစ်ရာ ဆီရင်တွင် အဖိုးတန် ရွှေငွေပစ္စည်းဟူ၍ ဘာမျှမကျန်တော့ပေ။

တစ်နေ့သ၌ ချမ်ဘာသည် မြို့တစ်မြို့သို့ ခရီးထွက်သွား၏။ မသွားမီ သူသည် အိမ်တစ်လုံးတွင် ရွှေများကိုထည့်ကာ ဆီရင်

mgyoe.com

mgyoe.com

အား အပ်နှံထားခဲ့၏။

"အဆွေဆီရင် ဒီရွှေတွေကို အိမ်မှာထားခဲ့ဖို့ စိတ်မချတာနဲ့ ခင်ဗျားကို အပ်ထားတာပဲ။ ကျေးဇူးပြုပြီး ခဏသိမ်းထားပေးပါ။ ကျွန်တော် ခရီးထွက်ရာက ပြန်လာတဲ့အခါ ပြန်ယူပါ့မယ်" ဟူ၍လည်း ပြောကြားသွား၏။

ဆီရင်ကား ရိုးဖြောင့်သူမဟုတ်သဖြင့် အကြိုက်တွေ့သွားလေသည်။ ချမ်ဘာမရှိသည်နှင့်တစ်ပြိုင်နက် သူသည် အိတ်ထဲမှ ရွှေတို့ကို ထုတ်ယူ၏။ ထို့နောက် အိတ်ထဲတွင် ရွှေများအစားကျောက်ခဲများကို ထည့်ထားလိုက်၏။

မကြာမီ ချမ်ဘာသည် ခရီးထွက်ရာမှ ပြန်ရောက်လာကာ သူ့ရွှေအိတ်ကို ပြန်တောင်း၏။ ဆီရင်ကလည်း ဣန္ဒြေမပျက် ပေးလိုက်၏။ သို့ရာတွင် ချမ်ဘာသည် အိတ်ကိုဖြေကြည့်သောအခါ ရွှေများကို မတွေ့ရ၊ ကျောက်ခဲများကိုသာ တွေ့ရသောကြောင့်–

"အဆွေဆီရင်၊ ဒီလို မရိုးမဖြောင့်မပြုပါနဲ့။ ကျွန်တော့်ရွှေတွေကို ပြန်ပေးပါ" ဟု ဆို၏။

ဆီရင်က "အဆွေချမ်ဘာ၊ ခင်ဗျားပေးထားတဲ့အတိုင်း ရွှေအိတ်ကို ကျွန်တော် သိမ်းထားပါတယ်။ ခင်ဗျားရွှေတွေကို ကျွန်တော် လက်ဖျားနဲ့တောင် မထိပါဘူး။ ဧကန္တ ခင်ဗျားရွှေတွေဟာ ကျောက်ခဲအဖြစ် ကူးပြောင်းသွားတာ ဖြစ်ပါလိမ့်မယ်" ဟူ၍ အရှက်မရှိ လိမ်ညာပြော၏။ ချမ်ဘာသည်လည်း မည်သို့မျှ မတတ်နိုင်။ လက်လျှော့၍ ပြန်သွားရ၏။

ဤသို့ဖြစ်ပွားပြီး မကြာမီ တစ်နေ့တွင် ဆီရင်သည် မြို့တစ်မြို့သို့ ခရီးထွက်၏။ ခရီးမထွက်မီ သူသည် သူ့သားငယ်ကို ချမ်ဘာ

mgyoe.com

mgyoe.com

အား အပ်နှံထား၏။ "အဆွေချမ်ဘာ၊ ကျွန်တော်မရှိခိုက် ကျွန်တော့်သားကို စောင့်ရှောက်ထားပါ။ ကျွန်တော် ခရီးထွက်ရာက ပြန်လာမှ ပြန်ခေါ်ပါ့မယ်" ဟု မှာကြားသွား၏။

ချမ်ဘာက ကောက်ကျစ်စဉ်းလဲသူကို သည်တစ်ကြိမ်ဖြင့် ဆုံးမနိုင်ပြီဟု တစ်ကိုယ်တည်း ဆို၏။ ဆိုသည့်အတိုင်းပင် သူသည် ဆီရင်၏ သားငယ်ကို တစ်နေရာတွင် ဝှက်ထား၏။ ထို့နောက် မျောက်တစ်ကောင်ကို အသင့်ရှာဖွေထား၏။

မကြာမီ ဆီရင်ပြန်ရောက်လာကာ သူ့သားငယ်ကို တောင်း၏။ ဤတွင် ချမ်ဘာ မျောက်ငယ်ကို ထုတ်ပေးလျက် "အဆွေဆီရင် ခင်ဗျားသားငယ်ဟာ ခင်ဗျားမရှိခိုက် မျောက်ငယ်ဘဝကို ကူးပြောင်းသွားပါတယ်၊ ရော့ ယူပါ" ဟု ဆို၏။ ဆီရင်လည်း မည်သို့မျှ မတတ်နိုင်တော့ပေ။ နောက်ဆုံး၌ သူသည် သူ့အမှားကို ဝန်ခံကာ ချမ်ဘာ၏ ရွှေများကို ဝှက်ထားရာမှ ပြန်ပေးလိုက်လေသည်။ ဤတွင်မှ ချမ်ဘာကလည်း သူ့သားငယ်ကို ဝှက်ထားရာမှ ထုတ်ပေးလိုက်လေသတည်း။

■

တိဗက်ပုံပြင်

mgyoe.com